ကြေးမုံ The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (31-8-2004) (၄၃၄၂)

သမဏာနဉ္စ ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၄ခုနှစ် ဩဂုတ် ၃၁ ရက်၌ ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၇)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားနိုင်ငံ ဘုရင် တူအန်ကူ ဆာရက် ဆီရာဂျုဒင် အီဘနီ အယ်လ်မာဟွမ် တူအန်ကူ ဆာရက် ပူထရာ ဂျာမာလူလေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ပန်းတိုင်ရည်မှန်းချက်

☆ ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပင်မသီးနှံ ၁၀ မျိုးအတွက် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်ရာ ယင်းပန်းတိုင် ရည်မှန်းချက်များ သတ်မှတ်အချိန်ကာလထက်စောရှ၍ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်ပျိုးရေး သုတေသနလုပ်ငန်းများဖြင့် အထောက်အကူပြုကြရမှာဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများစစ်ဆေး အခြေခံသပ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် မှာကြား

ပေါင်းလောင်းဓာတ်အားပေးစက်ရုံ တာဘိုင်စက်အမှတ်(၄)မှ ဓာတ်အားမဂ္ဂါဝပ်(၇၀)ကို တစ်ပြည်လုံးသို့ ထုတ်လွှတ်ပေးလျက်ရှိ ကျန်တာဘိုင်စက်သုံးလုံး ယခုနှစ်မကုန်မီ တပ်ဆင်ပြီးစီးမည်

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၉နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ရက်က ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၁-၈-၂၀၀၄
(အင်္ဂါနေ့)

စိုက်ကေများပြည့်မီရေး ဝိုင်းဝန်းကြိုးပမ်း လေလွင့်မှုမရှိစေရေး ဂရုပြုဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် လယ်ယာကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းလေးသွယ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ အထူးသဖြင့် သီးနှံစိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော်ကေများ တိုးတက်ဖြစ်ပေါ်လာရေးတို့အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၂၉ ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဘားလားဒေသ ရေကြီးကွင်း၊ ရေနက်ကွင်းများ၌ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်တို့မှ ဒေသခံတောင်သူများအား ပညာပေးဆောင်ရွက်လျက်ရှိသည့် ဘားလားစိုက်ကွင်းသို့ သွားရောက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ ရေကျနောက်စိုက် လယ်ယာမြေများအား ရေတော်မိုးတော်လယ်ယာမြေများအဖြစ် စံပြဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှော်ဘီ၊ လှည်းကူးနှင့် မင်္ဂလာဒုံမြို့နယ်တို့မှ တောင်သူလယ်သမားများနှင့် တွေ့ဆုံရာတွင် **လယ်ယာကဏ္ဍ ဖြစ်ထွန်းတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် မိရိုးဖလာစိုက်ပျိုးလုပ်ကိုင်နေမှုမှ ငွေကြေးအကုန်အကျသက်သာပြီး အချိန်တိုတိုအတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လယ်ယာသုံးစက်ယန္တရားများကိုအသုံးပြုကာ တိုးတက်ပြောင်းလဲ စိုက်ပျိုးလုပ်ကိုင်ကြရန်လိုကြောင်း၊ ထို့အပြင် မိမိတို့စိုက်ပျိုးလုပ်ကိုင်သည့် လယ်ယာလုပ်ကွက်များ၌ စိုက်ပျိုးလုပ်ကိုင်ပြီးသည်မှအစပြုပြီး စပါးများရိတ်သိမ်း ခြွေလှေ့ပြီး အမိုးအကာအောက် ရောက်သည်အထိ ဂရုပြုဆောင်ရွက်ကာ လေလွင့်ဆုံးရှုံးမှုမရှိစေရန် လယ်ယာလုပ်ငန်းလိုအပ်ချက်များကို မျက်ခြည်မပြတ် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း** ပြောကြားသွားသည်။

လယ်ယာလုပ်ငန်းခွင်များတွင် ပျိုးကြဲစိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲဆောင်ရွက်ခြင်းသည် အချိန်ကုန်သက်သာပြီး လယ်ယာလုပ်သားသုံးစွဲရမှု နည်းပါးခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း အကျိုးကျေးဇူးများကို ခံစားကြရမည်ဖြစ်သည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများက လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်ပေးလျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်များ၌ လယ်ယာသုံးစက်ကိရိယာများကို ပိုမိုသုံးစွဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုအခါ တောင်သူလယ်သမားများသည် အထွက်ကောင်းစပါးမျိုးများ၊ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိုးကျကျပေါင်းစပ်အသုံးပြုပြီး ရေမြုပ်လယ်မြေများကို ရေကျသည်နှင့်တစ်ပြိုင်နက် တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ်ဖြင့် ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအနေဖြင့် မိုးစပါးစိုက်ကေများ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး၊ လယ်ယာလုပ်ကွက်များ၌ စတင်စိုက်ပျိုးသည်မှ စပါးများရိတ်သိမ်းခြွေလှေ့ပြီး အမိုးအကာအောက် ရောက်သည်အထိ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဝိုင်းဝန်းကြိုးပမ်း ဂရုပြုဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး မြန်မာ-ဂျပန်လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၃၀

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး မြန်မာနိုင်ငံလုပ်ငန်းကော်မတီနှင့် ဂျပန်နိုင်ငံ နင်ဘုစုရှု ဗုဒ္ဓဘာသာအဖွဲ့ လုပ်ငန်းကော်မတီတို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ညှိနှိုင်းအစည်းအဝေးသို့ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ နင်ဘုစုရှု ဗုဒ္ဓဘာသာအဖွဲ့မှ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘုန်းတော်ကြီး ဟီရိုရှိဖုဂျီကုရနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးအတွက် ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားကြပြီး ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့မှ သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး မြန်မာနိုင်ငံ လုပ်ငန်းကော်မတီနှင့် ဂျပန်နိုင်ငံ နင်ဘုစုရှု ဗုဒ္ဓဘာသာအဖွဲ့ လုပ်ငန်းကော်မတီတို့ ညှိနှိုင်းအစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးမည်

ရန်ကုန် ဩဂုတ် ၃၀

သာသနာရေး ဝန်ကြီးဌာနသည် ၁၉၉၈-၉၉ ခုနှစ်မှစတင်၍ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ သံဝေဇနိယ လေးဌာန (ဗုဒ္ဓဂယာ) ဘုရားဖူးခရီးစဉ်များကို ပို့ဆောင်ပေးလျက်ရှိရာ ယခုနှစ် ၂၀၀၄-၂၀၀၅ခုနှစ်တွင်လည်း ယခင်နှစ်များကဲ့သို့ဘုရားဖူးခရီးစဉ်များပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းဘုရားဖူးခရီးစဉ်များသည် ၁၅ ရက်ခရီးဖြစ်ပြီးရန်ကုန်မှကာလကတ္တား၊ ကာလကတ္တားမှပတ္တနားသို့လေကြောင်းခရီးဖြင့်လည်းကောင်း၊ ပတ္တနားမှ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာ၊ မိဂဒါဝုန် (ဗာရာဏသီ) သာဝတ္ထိ၊ လုမ္ဗိနီ(နီပေါ)၊ ကုသိနာရုံ နှင့် ဝေသာလီဒေသများသို့ မော်တော်ယာဉ်ကြီးများဖြင့်လည်းကောင်း လှည့်လည်ဖူးမြော်ပြီး လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ဘုရားဖူးခရီးစဉ်များကို ၂၀၀၄ခုနှစ် အောက်တိုဘာလမှ စတင်၍ ပို့ဆောင်ပေးရန်စီစဉ်ထားရှိပြီးဖြစ်သဖြင့်ဘုရားဖူးသွားလိုသူများအနေဖြင့် သာသနာရေးဝန်ကြီးဌာနမှတရားဝင် တာဝန်ပေးအပ်ထားသော ဘုရားဖူးအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် အကျိုးဆောင် ဒေါ်သဇင်မြင့်အောင် (အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) Power Palace Hotel အမှတ်(၁၆) ပြည်သာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း (သာသနာရေး) ၀၁-၇၀၈၁၅၆၊ ၆၆၀၈၄၃၊ (ဟိုတယ်)၀၁-၅၄၄၂၈၇၊ ၅၄၈၂၁၀၊၅၄၉၆၆၈၊ ၀၉-၉၉-၂၆၁၀၈ နှင့် အကျိုးတော်ဆောင် ဦးထိန်လင်း (ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း) အမှတ်(၅၅) (၁၇)လမ်း လသာမြို့နယ်ရန်ကုန်မြို့ ဖုန်း(သာသနာရေး)၀၁-၆၆၅၃၈၃၊(ရုံး)၀၁-၂၂၅၉၈၉၊ ၂၂၅၉၁၅တို့နှင့် ဆက်သွယ်၍ ကာယကံရှင်များကိုယ်တိုင် လျှောက်လွှာများ တင်သွင်းနိုင်သည်။ (သတင်းစဉ်)

ဝန်ကြီးဦးဝင်းအောင် မလေးရှားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၄ခုနှစ် ဩဂုတ် ၃၁ရက်၌ ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၇)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင်ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဒါတွတ်ခ်ဆီရီ ဆာရက် ဟာမစ် ဘင်ဆာရက် ဂျာဖာ အယ်လ်ဘာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် ဩဂုတ် ၃၀

၂၈-၈-၂၀၀၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးနှင့် စာမျက်နှာ(၈)၌ ဖော်ပြပါရှိသော ဓာတ်ပုံ ပုံစာများတွင် "နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာဟိုးဝပ် ရိုက်ဒါ"အစား "ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇယ်ဂျ်ကိုစင်ဘာ" ဟူ၍ လည်းကောင်း၊ ရှေ့ဖုံးနှင့် စာမျက်နှာ(၉)၌ ဖော်ပြပါရှိသော ဓာတ်ပုံ ပုံစာများတွင် "ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇယ်ဂျ်ကိုစင်ဘာ" အစား "နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါ" ဟူ၍ လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ (သတင်းစဉ်)

ဆရာဝန်အသင်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေးယူနစ် (CME)က အထွေထွေရောဂါကုဆရာဝန်များအတွက် "Diagnostic Medical-Surgical Procedures (2004)" သင်တန်းကို စက်တင်ဘာ ၁၁ရက်မှ ၃၁ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ အမှတ်(၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ သင်တန်းဖွင့်လှစ်မည် ဖြစ်ရာ တက်ရောက်လိုသည့် ဆရာဝန်များသည် စက်တင်ဘာ ၆ရက်မှ ၁၀ ရက်အထိ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီးခန့်အပ်ရန်သဘောတူ

ရန်ကုန် ဩဂုတ် ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ၏ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ ဂျန်၊ အီစယ်၊နော့(ဒ်)လန်ဒါ၏နေရာတွင် မစ္စတာယိုးနတ်(စ်)၊ ဟက်(ဖ်)စထရွန်းအား ခန့်အပ်ရန် ဆွီဒင်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ယိုးနတ်(စ်)၊ ဟက်(ဖ်)စထရွန်းသည် ၁၉၄၈ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ မွေးဖွားခဲ့ပြီး ၁၉၇၄ခုနှစ်တွင် လန်း(ဒ်)တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၄င်းသည် ၁၉၇၉ခုနှစ်တွင် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၌ အလုပ်စတင် ဝင်ရောက်ခဲ့ပြီး တီဟီရန်မြို့နှင့် ဝါရှင်တန်ဒီစီမြို့များရှိ ဆွီဒင်သံရုံးများတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၈၇ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ အလယ်အလတ် လမ်းစဉ်ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာ ကားလ်၊ ဘစ်ထ်၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြံပေးပုဂ္ဂိုလ် အဖြစ်လည်းကောင်း၊ ၁၉၉၈ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ဆွီဒင်ကာကွယ်ရေး ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှ ယခုနှစ်အထိ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ပြည်သူ့ဥပဒေရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနကြီးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ယိုးနတ်(စ်)၊ ဟက်(ဖ်)စထရွန်းသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။ (သတင်းစဉ်)

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကား

ဇီဝိတဒါန သက်လွှတ်ပွဲများကျင်းပ

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့က ရွှေတိဂုံစေတီတော် ရခိုင်တန်ဆောင်း၌ ဝိပဿနာတရား ပွားများအားထုတ်နေကြသော ဘုရားဖူးပရိသတ်များအား တွေ့ရစဉ်။ (ကြေးမုံ)

သာသနာရေး ဝန်ကြီးဌာန အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းနည်းပြ ဘဒ္ဒန္တပညာသာမိ (မာဂဓီ–သာစည်) ဦးဆောင်သော သင်တန်းသားများက ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

ကိုးထပ်ကြီးဘုရား

ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့တွင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား၌ ဘုရားဖူးသူ ပရိသတ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

ကမ္ဘာအေးစေတီ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် သက်လွှတ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)



ဗိုလ်တထောင်စေတီ

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့က ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလက မေတ္တာအခါတော်နေ့တရားတော် ချီးမြှင့်ဟောကြားတော်မူစဉ်။ (ကြေးမုံ)



ရွှေဘုန်းပွင့်စေတီ

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့က ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်တန်ဆောင်းတွင် သီရိမင်္ဂလာကျောင်း ဆရာတော် ဦးဉာဏိသရက မေတ္တာအခါတော်နေ့တရားတော် ချီးမြှင့်တော်မူစဉ်။ (ကြေးမုံ)

ထောင်ချီရှိသော စက်ဘီးစီးသမားများ ဘုရှ်ဆန့်ကျင်ရေး ဆန္ဒပြ လာမည့် တနင်္ဂနွေနေ့တွင်လည်း လူထုနှစ်သိန်း ဆန္ဒပြဦးမည်

နယူးယောက် ဩဂုတ် ၂၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ လက်ရှိအာဏာရ ရီပတ်ဗလီကန်ပါတီ၏ အစည်းအဝေး ကျင်းပသွားရန်ရှိသည်။ ထိုအစည်းအဝေးတွင် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ကို ဒုတိယသက်တမ်းအတွက် သမ္မတအဖြစ် ဆက်လက်ယှဉ်ပြိုင်နိုင်ရန် ရီပတ်ဗလီကန်ပါတီ အစည်းအဝေးက အဆိုပြု ရွေးချယ်ကြမည်ဖြစ်သည်။ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ကို သမ္မတလောင်းအဖြစ် ပြန်၍သတ်မှတ်ပေးမည့်ကိစ္စကို ကန့်ကွက်သောအားဖြင့် စက်ဘီးစီးသမား ထောင်ပေါင်းများစွာတို့သည် ဩဂုတ် ၂၇ ရက်တွင် မြို့တွင်းသို့ စက်ဘီးများ စီးဝင်လာကာ ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ စက်ဘီးစီးဆန္ဒပြသမားများကြောင့် မြို့လယ်ကောင် မင်ဟက်တန်အရပ်တွင် ယာဉ်သွားယာဉ်လာများ ပိတ်ဆို့ခဲ့ရသည်။

ဆန္ဒပြ စက်ဘီးသမားများသည် ထိုနေ့ ညနေပိုင်းတွင် မြို့လယ် စင်ထရယ်ပတ်ပန်းခြံမှ ဘရော့ဒ်ဝေး လမ်းမကြီးအတိုင်း ချီတက်ခဲ့ကြခြင်း ဖြစ်သည်။ ထိုစက်ဘီးတန်းကြီးမှာ တစ်မိုင်ကျော် ရှည်လျားကြောင်း သိရသည်။ ၎င်းတို့ လှည့်လည်လာသော အချိန်သည် ညနေပိုင်း ညစာစားရန် ထွက်လာသူများ၊ အပန်းဖြေရန် လာသူများ၊ ပြဇာတ်ရုံသို့ သွားသူများဖြင့် လမ်းများတွင် လူသွားလူလာ အလွန်ထူသောအချိန်ဖြစ်သည်။

စက်ဘီးသမားများသည် နာရီအတန်ကြာအောင် ဆန္ဒပြကြပြီး အများအပြားတို့က ဘုရှ်အလိုမရှိဟု အော်ဟစ်ဆန္ဒပြခဲ့ကြသည်။ ယခုဆန္ဒပြပွဲသည် ရီပတ်ဗလီကန်ပါတီ အစည်းအဝေး မကျင်းပမီ ထုနှင့်ထည်နှင့် ပြုလုပ်သော ပထမဦးဆုံး ဆန္ဒပြပွဲပင်ဖြစ်သည်။ ရီပတ်ဗလီကန်ပါတီ၏ အစည်းအဝေးကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

စက်ဘီးစီး ဆန္ဒပြသမားများသည် တိုင်းမ်စကွဲယားကို ဖြတ်သွားသော အခါ လမ်းသွားလမ်းလာ အများအပြားသည် လက်ခုပ်လက်ဝါးတီးပြီး အားပေးခဲ့ကြသည်။

စက်ဘီးသမားများကြောင့်ယာဉ်သွားယာဉ်လာ ပိတ်ဆို့ရသည့်အတွက် စိတ်မရှည်သူ ယာဉ်မောင်းများနှင့် ဆန္ဒပြသမားများအကြား အော်ကြီးဟစ်ကျယ် စကားများခဲ့ကြသည်ဟု ဆိုသည်။

ထိုဖြစ်ရပ်ကြောင့် အနည်းဆုံး စက်ဘီးသမား ၃၀ ဦးတို့ အဖမ်းအဆီးခံကြရကြောင်း ရိုက်တာသတင်းဌာနက မျက်မြင်တွေ့သူများကို ကိုးကားပြီး သတင်းထုတ်ခဲ့သည်။ နယူးယောက်မြို့ ရဲတပ်ဖွဲ့ဆိုင်ရာများက အထက်ပါကိစ္စကို ချက်ချင်းမသိရသေးဟု ဆိုသည်။

လာမည့် တနင်္ဂနွေနေ့တွင် လူအင်အား နှစ်သိန်း ပါဝင်မည့် အကြီးဆုံး ဆန္ဒပြပွဲကြီး ပြုလုပ်ရန် စီစဉ်ထားကြသည်။ လူထုကြီးသည် ဘုရှ်အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြကြမည်ဖြစ်၏။ သမ္မတဘုရှ်အစိုးရ၏ စီးပွားရေးမူဝါဒများ၊ အီရတ်စစ်ပွဲ ဆင်နွှဲသည့်ကိစ္စနှင့် ၂၀၀၁ ခု စက်တင်ဘာ ၁၁ ရက် နောက်ပိုင်း ပြည်သူ့လွတ်လပ်ခွင့် ဆုံးရှုံးသည့်ကိစ္စများနှင့် ပတ်သက်၍ ကန့်ကွက်ဆန္ဒပြကြမည် ဖြစ်သည်။ စင်ထရယ် ပန်းခြံတွင် ပြုလုပ်မည့် အဆိုပါ ဆန္ဒပြပွဲကို သက်ဆိုင်ရာများက လူထုပရိသတ်များပြားလွန်းသဖြင့် ပန်းခြံပျက်စီးနိုင်သည်ဟု အကြောင်းပြကာ ခွင့်မပြုဘဲ ထားသည်။

ဝါရှင်တန်တွင် ကျင်းပသည့် ရီပတ်ဗလီကန်ပါတီ အစည်းအဝေးနှင့် ကျင်းပပြီးစီးသွားသည့် ဘော်စတန်မြို့ ဒီမိုကရက်တစ်ပါတီ အစည်းအဝေးများမှာ အကြမ်းဖက်သမားများ၏ ပစ်မှတ်ဖြစ်လာနိုင်ကြောင်း အမေရိကန် အစိုးရဆိုင်ရာများက သတိပေးထားသည်။ သို့ဖြစ်၍ လုံခြုံရေးများကို မကြုံစဖူး အထူးတင်းကျပ်စွာ ချထားကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ထောက်ခံ

အီရတ် ရှီးယိုက်ခေါင်းဆောင် အယာတိုလာ အလီအယ်လ်စစ္စတာနီအား ထောက်ခံသူများကို ဩဂုတ် ၂၅ ရက်က ဘာဆာရာမြို့တွင် တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးတွင် တိုက်ခိုက်မှုဖြစ်ပွား လူငါးဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၉

ရှီးယိုက်တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့တော်၏ ဆင်းရဲသားများ နေထိုင်ရာ ဆာဒါစီးတီးတစ်ဝန်း တိုက်ခိုက်ကြပြီး ဘဂ္ဂဒက်မြို့တော်၏ လူစည်ကားရာ နေရာမှာ စိန်ပြောင်းကျည် ထိမှန်ခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် စနေနေ့က နောက်ထပ်ဖြစ်ပွားသည့် တိုက်ခိုက်မှုဖြစ်ပြီး လူငါးဦးထက်မနည်း သေဆုံးကာ လူပေါင်းဒါဇင်နှင့်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

အမေရိကန် စစ်လေယာဉ်များနှင့် တင့်ကားများက ဖော်လူဂျာမြို့ရှိ ဆွန်နီခြေကုပ်စခန်းအား ပစ်မှတ်ထား၍ ဗုံးကြဲတိုက်ခိုက်ကြပြီး အမေရိကန် တပ်ဖွဲ့ဝင်များနှင့် တွန်းလှန်တိုက်ခိုက်သူများသည် ဂျော်ဒန်နိုင်ငံသွားရာ အဝေးပြေးလမ်းမနှင့် ဆင်ခြေဖုံးဒေသတစ်လျှောက် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ ယင်းတိုက်ခိုက်မှုတွင် လူ ၁၄ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။

တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့တွင် ရက်သတ္တသုံးပတ်ကြာ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများအား နာဂျက်ဖ် မြို့သူ၊ မြို့သားများက ရှင်းလင်းနေကြစဉ် တိုက်ခိုက်မှု အသစ်တစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အများပြည်သူ လေးစားကြည်ညိုသည့် ရှီးယိုက်ခေါင်းဆောင် အယ်လ်စစ္စတာနီ၏ ကြားဝင်စေ့စပ် ညှိနှိုင်းပေးမှုကြောင့် တိုက်ခိုက်မှုမှာ သောကြာနေ့က ပြီးဆုံးခဲ့ပြီဖြစ်သည်။ အီရတ်တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်မြို့တစ်ဝန်း ဖြန့်ကြက်သွားရောက်ခဲ့ပြီး မော်တော်ယာဉ်နှင့် ကင်းလှည့်ကြသည်။ အမေရိကန်တပ်ဖွဲ့က တိုက်ခိုက်မှု အကြီးအကျယ်ဖြစ်သည့်နေရာမှ တပ်ပြန်လည်ရုပ်သိမ်းခဲ့သည်။

နာဂျက်ဖ်နှင့် ကူဖာမြို့များမှ လက်နက်ကိုင်များ ထွက်ခွာကြသည်မှာ ရှင်မြူးစရာ မြင်ကွင်းဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်အာလာဝီက ရုပ်မြင်သံကြားဌာနအား ပြောကြားသည်။

အင်တာနက်။

အီရတ်တို့အချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုကြောင့် နာဂျက်ဖ်တွင် တိုက်ပွဲများပြီးဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၉

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ဩဇာအကြီးဆုံး ရှီးယိုက်ခေါင်းဆောင် အယာတိုလာအလီအယ်လ်စစ္စတာနီနှင့် ရှီးယိုက်လူငယ်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါတို့သည် လိပ်ခဲတည်းလည်း ဖြစ်နေသော နာဂျက်ဖ်မြို့ ပြဿနာကို ပြေလည်အောင်ဖြေရှင်းရန် သဘောတူညီမှု ရရှိခဲ့ကြပြီဖြစ်သည်။ ထိုသဘောတူညီချက်အတိုင်း ဆောင်ရွက်သွားရန်လည်း အီရတ်ကြားဖြတ်အစိုးရအဖွဲ့က လက်ခံလိုက်ပြီဖြစ်သည်ဟု အီရတ်ပြည်ထဲရေးဝန်ကြီး ကာဆင်မ်က ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

အရှိန်ဩဇာကြီးမားသော ရှီးယိုက်ခေါင်းဆောင် အယာတိုလာအလီစစ္စတာနီ၏ တင်ပြချက်များကို မိမိတို့အစိုးရအဖွဲ့က လက်ခံအတည်ပြုပြီးဖြစ်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးက ပြောဆိုသွားသည်။

ယခုအခါ နာဂျက်ဖ်ကိစ္စ ပြီးစီးသွားပြီဖြစ်၍ မိုတာဒါဆာဒါအနေဖြင့် နိုင်ငံအနှံ့ သွားလိုရာသို့ လွတ်လပ်စွာ သွားလာနိုင်ပြီး လုပ်လိုရာ လုပ်ဆောင်နိုင်သည်ဟု ဆိုသည်။ မိမိကြားသိရသလောက်ဆိုလျှင် အယ်ဆာဒါသည် နာဂျက်ဖ်ရှိ ၎င်း၏ နေအိမ်၌ပင် ဆက်လက် နေထိုင်လိမ့်မည် ဖြစ်ကြောင်း သိရသည်ဟု ကာဆင်မ်က ဆိုသည်။

အယာတိုလာ အလီစစ္စတာနီသည် ဆေးဝါးကုသမှုခံယူရန် ဗြိတိန်နိုင်ငံသို့ မကြာသေးမီက သွားရောက်ခဲ့သည်။ ဆေးဝါးကုသမှုအပြီး ၎င်းသည် မကြာမီ ရက်ပိုင်းကမှ အီရတ်သို့ ပြန်ရောက်လာခြင်းဖြစ်သည်။

၎င်းသည် ခရီးရောက်မဆိုက်ပင် ၂၂ ရက်ကြာ ကြုံတွေ့နေရသော နာဂျက်ဖ်မြို့ အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းခဲ့ခြင်းဖြစ်သည်။

သဘောတူညီ

ယခုရရှိခဲ့သော ငြိမ်းချမ်းရေး အစီအစဉ်မှာ အဓိကအားဖြင့် အချက်ငါးချက်ပါရှိသည်။ နာဂျက်ဖ်နှင့် ကူဖာမြို့များကို အီရတ်နိုင်ငံ၏ လက်နက်မဲ့ဇုန်များအဖြစ် အသိအမှတ်ပြုခြင်း၊ နိုင်ငံခြား တပ်ဖွဲ့များအားလုံး နာဂျက်ဖ်ဒေသမှ ထွက်ခွာခြင်းနှင့် အီရတ်များကိုယ်တိုင်က ထိုဒေသကို လုံခြုံရေးဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်၏။

ထို့အပြင် အမေရိကန်တပ်ဖွဲ့များနှင့် ဆာဒါ၏ လက်နက်ကိုင်များအကြား ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် နစ်နာခဲ့ရသော အီရတ်များကို အစိုးရက လျော်ကြေးပေးခြင်းစသည့် အချက်များသည်လည်း နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြသော အချက်အလက်များတွင် ပါဝင်သည်ဟုဆိုသည်။

ဆောင်ရွက်

ရှီးယိုက်ခေါင်းဆောင် စစ္စတာနီသည် ရှီးယိုက်များကို နာဂျက်ဖ်သို့ ချီတက်ကြရန် လှုံ့ဆော်ခဲ့ကြပြီး လူထုကြီးကလည်း ထိုတောင်းဆိုချက်ကို တက်ကြွစွာ လိုက်နာကြကာ နာဂျက်ဖ်သို့ ထောင်နှင့်ချီ၍ ရောက်ရှိလာကြသည်။ အီရတ်အစိုးရသည်လည်း အစီအစဉ်အတိုင်း လုပ်ဆောင်ဖွယ်ရာများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘာကူဘာမြို့တွင် ပစ်ခတ်မှုဖြစ်ပွား

ဘာကူဘာ(အီရတ်) ဩဂုတ် ၂၉

ဘတ်စ်ကားနှစ်စီးတွင် စီးနင်းလိုက်ပါလာသော လက်နက်ကိုင်များက မငြိမ်မသက် ဖြစ်နေသည့် ဘာကူဘာမြို့ စစ်ဆေးရေးဂိတ်အား ပစ်ခတ်သွားရာ အီရတ်ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး လူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်ဆေးတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် အထင်ကရလမ်းမပေါ်တွင်စနေနေ့ညနေ၄နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းဗိုလ်မှူးချုပ် ဆလမ်မာမွတ်က ပြောကြားသည်။ လက်နက်ကိုင်များ ကားဖြင့် ထွက်မပြေးမီ စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များ သေနတ်ဖြင့် တရစပ် ပစ်ခတ်ခံရခြင်း ဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့်လူခြောက်ဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘာဂျီဆီယာမြို့တွင် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အီရတ်ဝန်ကြီး၏ဆွေမျိုး၊ ဓားစာခံတစ်ဦးပြန်လွှတ်လာ

ဒူဘိုင်း ဩဂုတ် ၂၉

အီရတ်ခုခံရေးသမားများသည် အီရတ်ကြားဖြတ်အစိုးရအဖွဲ့၏ ကာကွယ်ရေးဝန်ကြီး ဟာဇမ်အလ်ရှာလန်၏ ဆွေမျိုးနှစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ပြီးနောက် ယင်းအနက်မှ တစ်ဦးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အယ်လ်ဂျာဇီရာ ရုပ်/သံဌာနက ထုတ်လွှင့်သွားသည်။

ထိုဓားစာခံများကို ဖမ်းဆီးထားသောအဖွဲ့မှာ "ဂေါ့ဒ်အင်းဂါးဘရီဂိတ်"ဟု ခေါ်တွင်သော အဖွဲ့ဖြစ်သည်။ ၎င်းတို့က အဖမ်းခံနေရသော မိုတာဒါအယ်လ်ဆာဒါ၏ လက်ထောက် အလီစမိဆမ်ကို လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ရဲတို့က ထိုတောင်းဆိုချက်ကို လိုက်လျောခဲ့ပြီး နောက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီး၏ဆွေမျိုး ဓားစာခံ ဆာလာဟာဆန်ဇီဒန်လာမီကို ပြန်လည်လွှတ်ပေးလိုက်သည်။ အခြားဓားစာခံ တစ်ဦးမှာ ဆာလာနှင့် သွေးသားတော်စပ်သူတစ်ဦးဖြစ်သည်။ ၎င်းနှင့် ပတ်သက်သော သတင်းတစ်စုံတစ်ရာ ရရှိခြင်းမရှိပေ။

ဆာဒါ၏ တပ်ဖွဲ့များ နာဂျက်ဖ်မြို့တွင်း၌ အပြင်းအထန် ခုခံနေသော ဗီဒီယိုခွေနှင့် အမေရိကန်တပ်များ မြို့တွင်းမှ ထွက်ခွာနေကြပုံများပါသော သတင်းခွေကို အယ်ဂျာဇီရာရုပ်/သံမှ ထုတ်လွှင့်ပြသပေးရန် ခုခံရေးသမားများက တောင်းဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၃)

ပေါက်စ

မြန်မာပြည်သူခုနစ်ရက်သားသမီးအားလုံး သိတော်မူကြတဲ့အတိုင်း ပြည်ပအသံလွှင့်ဌာနတွေ ဖြစ်ကြတဲ့ VOA တို့၊ BBC တို့အစ RFA တို့ DVB တို့အဆုံး အားလုံးသော နယ်ချဲ့ ကိုလိုနီလက်သစ်ဝါဒီတွေရဲ့ ဩဇာခံ အသံလွှင့်ဌာနတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို နေ့စဉ်နဲ့အမျှ လုပ်ကြံပုတ်ခတ်စွပ်စွဲတဲ့ သတင်းတွေ၊ ဆောင်းပါးတွေ၊ ပေးစာတွေ၊ ဗျူးတာတွေအပြင် ဘာနေ့ ညာနေ့ အထိမ်းအမှတ် အထူးအစီအစဉ်ဆိုပြီး တခမ်းတနားထူးရှယ်တွေ လုပ်လုပ်ပြီး ပုတ်ခတ်ထုတ်လွှင့်နေသေးသဗျ။

အခုလည်း ၂၀၀၄ခုနှစ် ဩဂုတ်လ ၅ရက်နဲ့ ၆ရက်နေ့တွေမှာ ၁၉၈၈ခုနှစ် မင်းမဲ့စရိုက် သောင်းကျန်းမှုကြီး တစ်ဇာတ်သိမ်းပြီး ချုပ်ငြိမ်းပြိုကွဲခဲ့တာကို လွမ်းဆွတ်တမ်းမောနမြောကြေကွဲ ဝမ်းနည်းတဲ့အထိမ်းအမှတ် အထူးအစီအစဉ်အနေနဲ့ အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူရဲ့ သုံးသပ်ချက်ဆိုတဲ့ ဗျူးခန်းကြီးနဲ့ အရှူးချေးပန်းသလို ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်း၊ စတုတ္ထပိုင်းရယ်လို့ အခန်းဆက်ထုတ်လွှင့်တဲ့အလုပ်ကို VOA က လုပ်ချလာသဗျ။

အမျိုးသားရေးဦးဝင်းနိုင်ရဲ့ သုံးသပ်ချက်ဗျူးသံတွေကို ပေါက်စ အတိုကျဉ်းပြီး လိုရင်းလောက်ပဲ ထောက်ပြပါ့မယ်ခင်ဗျ။ ဘာလို့လဲဆိုတော့ VOA က ဒီမိုကရေစီစေတနာတွေ ရေစီးကမ်းပြိုလိုက်ပြီး နှစ်ရက်ကြီးများတောင် အမိုက်စား၊ အပျံစား တခမ်းတနား အခန်းဆက်ကြီး ထုတ်လွှင့်ခဲ့တာတွေကို ထောက်ပြနေရင် ရှည်လျားပေများနေမှာ ဖြစ်သဗျ။

အဲ...အဲ အမျိုးသားရေးဦးဝင်းနိုင်ဆိုသူ ပုဂ္ဂိုလ်ကြီးရဲ့ သုံးသပ်ချက်ဆိုတဲ့ ထူးရှယ် အခန်းဆက် ဗျူးရှည်ကြီးကို ကောက်နုတ်ပြောရရင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး မအောင်မြင်တာဟာ တစ်ဦးချင်းလည်း ခေါင်းဆောင်မှုမပေးနိုင်၊ စုပေါင်းခေါင်းဆောင်မှုလည်း မပေးနိုင်ခဲ့သလို စစ်တပ်က လူထုကို ရက်ရက်စက်စက် တုံ့ပြန်နှိမ်နင်းခဲ့လို့တဲ့ဗျာ။ အဲသဟာအပြင် နိုင်ငံခြားကလည်း အကူအညီမပေးခဲ့ဘူးတဲ့ဗျာ။ ဘယ်နိုင်ငံကြီးကမျှ အင်အားသုံးပြီး ကူညီပေးတာမရှိဘဲ ဟိုသံရုံး ဒီသံရုံးတွေက ထမင်းဖိုးလေး၊ ဟင်းဖိုးလေး ထုတ်ပေးတာကလွဲရင် ကိုယ်ထိလက်ရောက် ဘာမျှ မကူညီခဲ့ဘူးတဲ့ဗျာ။ အနီကဲ့သို့သော အရပ်ရပ် အခြေအနေများအရ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး အောင်ပွဲမခံရဘဲ တပ်လန်ခဲ့ရတဲ့အကြောင်း နတ်သံနှောပြီး ပြောခဲ့သဗျ။

အားလုံးသော မြန်မာပြည်သူ ခုနစ်ရက်သားသမီးများ ကြားတော်မူတဲ့အတိုင်း အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူရဲ့ ဗျူးအသံကတော့ အထူးအန်ချင်စရာကောင်းနေပါပကောလားဗျာ။ ပြောရရင် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးရယ်လို့ နှုတ်တိုက်ရွရွ တဖွဖွရွတ်ဆိုနေကြတဲ့ ပြည်တွင်း၊ ပြည်ပ ဒီမိုကရေစီလိုလားသူများဟူသော ပြည်ပြေးဝရမ်းပြေးများနဲ့ နိုင်ငံရေး ဇာတ်ပျက်များရဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုကြီး တစ်ဇာတ်သိမ်းပြီး အောင်ဖျာလိပ်ဘဝရောက်ရတဲ့ အခြေခံအကြောင်းတရားဟာ အဲဒီကာလမှာ ကြွေးကြော်ခဲ့သလို ဒီမိုကရေစီရေးမဟုတ်ဘဲ ဖြတ်လမ်းက အာဏာအချောင်နှိုက်ယူရေးကြောင့်ပဲ ဖြစ်တယ်ဆိုတာ ကြည့်တတ်ရင်မြင်နေသဗျ။

ဘာလို့လဲဆိုတော့ အဲဒီမင်းမဲ့စရိုက် သောင်းကျန်းမှုကြီး နိုင်ငံအနှံ့ကူးစက်လာတာနဲ့ ဒီမိုကရေစီခေါင်းဆောင်ဆိုသူများဟာ ဘာလုပ်လာသလဲဆိုရင် သူဦးကိုယ်ဦးအာဏာယူရေးအတွက် စင်ပြိုင်အစိုးရ ဖွဲ့တဲ့သူကဖွဲ့သဗျာ။ အဲ...ကျန်တဲ့ ဒီမိုကရေစီခေါင်းဆောင်ဆိုသူများကလည်း သူတို့ထက် နှာတစ်ဖျားသာ လူလည်လုပ်သွားသလားဆိုပြီး တဓောင်းစေးနဲ့မျက်ချေးလို မကြည့်နိုင်မရှုနိုင်ဖြစ်ကြပြီး အုပ်စုပိုင် လမ်းဘေးသတင်းစာတွေမှာ ဆောင်းပါးရေးပုတ်ခတ်လာခဲ့ကြတယ်။ သူတို့အချင်းချင်း အာဃာတကင်းစွာနဲ့ ပေါင်းစည်းဖို့၊ မျက်နှာချင်းဆိုင်ပေးတဲ့သူတွေက ညှိနှိုင်းကြပေမယ့် အာဏာရမ္မက်က ကိုယ်စီကိုယ်စီထိပ်မှာ တက်နေတော့ မျက်နှာချင်းဆိုင်ဇာတ်လမ်းလည်း တစ်ခန်းရပ် တစ်ဇာတ်သိမ်းခဲ့ပြီး အသီးသီးလမ်းခွဲခဲ့ကြတယ်မဟုတ်လားခင်ဗျာ။ အဲသဟာနဲ့ နောက်ဆက်တွဲ ဇာတ်လမ်းတွေကတော့ ပွဲကြမ်းလာခဲ့တယ်။ ဘာညာကွိကွ သမဂ္ဂတွေလည်း ကွဲကြ၊ ပြဲကြ၊ သပိတ်စခန်းတွေလည်း သူ့နယ်မြေ၊ ကိုယ့်နယ်မြေ ပိုင်နက် နယ်ပယ်တွေ ကိုယ်စီနဲ့ သူတို့ကိုယ်သူတို့ ပဒေသရာဇ်တွေသဖွယ် အလှမ်းကျယ်လာခဲ့ကြပြီး ခေါင်းစီးနီ၊ လက်ပတ်နီတွေက တံခါးမှူး၊ ဝင်းမှူးများအဖြစ်၊ ဓားတွေ၊ လှံတွေထမ်းပြီး စောင့်ကြပ်စစ်ဆေးဝင်ခွင့် ထွက်ခွင့်ပေးတာမျိုးတွေဟာ တစ်ဗိုလ်တစ်မင်း ထင်ရာစိုင်းနေတဲ့ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အနိဋ္ဌာရုံပုံရိပ်တွေပဲ မဟုတ်လားခင်ဗျာ။ အဲသလို အနိဋ္ဌာရုံပုံရိပ်တွေကို မင်းမဲ့စရိုက်သောင်းကျန်းမှုလို့ မမြင်နိုင်ကြသေးဘဲ ဒီမိုကရေစီ အရေးတော်ပုံကြီးအဖြစ် ထုဆစ်ပုံသွင်းပြီး လွမ်းချင်းတွေဆိုနေကြတာဟာလည်း ရောဂါ...ရောဂါလို့ ပေါက်စ ဩဘာပေးလိုက်ပါတယ်ခင်ဗျာ။

ရှင်းရှင်းလေးပါဗျာ။ ဒီမိုကရေစီနဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုဟာ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်ပမာ အလှမ်းကွာနေတဲ့အတွက် တိုင်းပြည်ပျက်တော့မယ့်ဘေးကို တပ်မတော်က အချိန်မီ ကာကွယ်ပေးလိုက်ရတယ်ဆိုတာကို မြန်မာပြည်သူတွေအနေနဲ့ ဘဝဖြတ်သန်းမှုအရ ခံစားနားလည်နေကြပါပြီ။ ဒါကြောင့်မို့ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးအမည်ခံ မင်းမဲ့စရိုက်သောင်းကျန်းမှုကြီးကို ပြည်သူတွေက အော့ကြောလန်စွာနဲ့ လက်မခံ၊ မယုံကြည်တော့တဲ့အတွက် တပ်ပျက်ပြိုကွဲပြီး အနိစ္စသဘောနဲ့ ကိစ္စချောခဲ့တယ်ဆိုတာ ဘယ်လိုမျှ ဖုံးဖိဖာထေး ကာကွယ်ဆေးထိုးလို့ မရပါဘူးခင်ဗျာ။

အဲသဟာကိုပဲ အခဲမကြေ ဝမ်းနည်းနေတဲ့ အမျိုးသားရေးဦးဝင်းနိုင်ဆိုသူက နိုင်ငံခြားက အကူအညီမပေးတာတွေ၊ သံရုံးအချို့က ထမင်းဖိုးဟင်းဖိုးလေးပဲပေးပြီး အင်အားကြီးနိုင်ငံများက ကိုယ်ထိလက်ရောက်ဖိအားပေးတဲ့အကူအညီမပေးခဲ့လို့ ဒီမိုကရေစီအရေးတော်ပုံကြီး မအောင်မြင်ခဲ့တာ ဖြစ်တယ်လို့ သုံးသပ်သွားတော့ ပေါက်စ သနားမိသဗျ။

ဘယ်နှယ့်ဗျာ။ VOAတို့၊ BBCတို့ရဲ့ ရည်ညွှန်းဂုဏ်ပြုစကားကို ကိုးကားပြောရရင် အမျိုးသားရေးဦးဝင်းနိုင်ဆိုသူဟာ ပြည်ပအားကိုး၊ သူခိုးကိုဓားရိုးကမ်းတဲ့ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးကြီး ဖြစ်နေတဲ့အပြင် ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာချုပ်အရ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချင်းချင်း တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက် မစွက်ဖက်စေရဆိုတဲ့ စည်းမျဉ်းစည်းကမ်းလောက်တောင် မသိနားမလည်ရှာပါကလားလို့ ပေါက်စ တရားကျမိသဗျ။

ပြောမယ်ဆိုရင် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးအတွက် လက်နက် အင်အားတွေသုံး ဗုံးကြဲတိုက်ခိုက်ပြီး ကျူးကျော်စွက်ဖက်လို့ မရဘူးဆိုတာ ဒီနေ့နိုင်ငံတကာ သတင်းစာမျက်နှာတွေမှာ ထင်ထင်ရှားရှား လတ်လတ်ဆတ်ဆတ်ကြီး တွေ့နေ၊ မြင်နေကြတယ် မဟုတ်လားခင်ဗျာ။

အဲ ...အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူ နိုင်ငံရေးဇာတ်ပျက် ပုဂ္ဂိုလ်ကြီးက ဟိုသံရုံး၊ ဒီသံရုံးတွေအနေနဲ့ ထမင်းဖိုး၊ ဟင်းဖိုးလေးပဲပေးပြီး ကိုယ်ထိလက်ရောက်

> **ဒီမိုကရေစီနဲ့ မင်းမဲ့စရိုက်သောင်းကျန်းမှုဟာ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်ပမာ အလှမ်းကွာနေတဲ့အတွက် တိုင်းပြည်ပျက်တော့မယ့်ဘေးကို တပ်မတော်က အချိန်မီ ကာကွယ်ပေးလိုက်ရတယ်ဆိုတာကို မြန်မာပြည်သူတွေအနေနဲ့ ဘဝဖြတ်သန်းမှုအရ ခံစားနားလည်နေကြပါပြီ။ ဒါကြောင့်မို့ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးအမည်ခံ မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကို ပြည်သူတွေက အော့ကြောလန်စွာနဲ့ လက်မခံ၊ မယုံကြည်တော့တဲ့အတွက် တပ်ပျက်ပြိုကွဲပြီး အနိစ္စသဘောနဲ့ ကိစ္စချောခဲ့တယ်ဆိုတာ ဘယ်လိုမျှ ဖုံးဖိဖာထေး ကာကွယ်ဆေးထိုးလို့ မရပါဘူးခင်ဗျာ။**

အကူအညီမပေးတဲ့အတွက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး ပျက်စီးခဲ့တယ်လို့ သုံးသပ်ထားတာဟာ အမျိုးသားရေး ဦးဝင်းနိုင်အနေနဲ့ နိုင်ငံတကာ သံတမန်ကျင့်ဝတ်သိက္ခာဆိုတာ အလုံးလား၊ အဝိုင်းလားတောင် မသိတဲ့အထိ ဖြစ်နေတယ်ဆိုတာ မြန်မာသိ ကမ္ဘာသိ ကြော်ငြာဝင်လိုက်တာပဲလို့ ပေါက်စ ခံစား နားလည်ခွင့်လွှတ်ပါတယ်ဗျာ။

သံတမန်ကျင့်ဝတ်သိက္ခာအရ တည်ဆဲအစိုးရကို ဆန့်ကျင်တာမျိုး၊ သံရုံးစိုက်ရာ အိမ်ရှင်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တာမျိုး အဲသဟာမျိုးတွေကို လုပ်ခွင့်မရှိဘူးဗျာ။

သို့သော်လည်းတဲ့ အချို့အချို့သော အင်အားကြီးအနောက်အုပ်စုနိုင်ငံတွေကတော့ သံတမန်ကျင့်ဝတ်သိက္ခာကို အလေးမထား၊ ဂရုမစိုက်ဘဲ သူကြီးသားလူမိုက်တွေလို မင်းမဲ့စရိုက်သောင်းကျန်းမှုထဲမှာ စီးမျောပျော်ဝင်ပြီး ထမင်းဖိုး၊ ဟင်းဖိုးပေးတာတွေ၊ အခမဲ့ပြန်ကြားရေးအရာရှိ လုပ်တာတွေ၊ ဆရာကြီးလုပ်နေတာတွေအပြင် ဒီနေ့အထိလည်း စာပို့လုလင်အလုပ်တို့၊ ဆက်သားအလုပ်တို့၊ ခတ်ပုံဆရာအလုပ်တို့ အဲသလိုအလုပ်မျိုးတွေကို လုပ်လုပ်နေတာ မကြည့်ချင်ပေမယ့် မြင်နေရတာပဲခင်ဗျာ။ ဒါတွေကို အမျိုးသားရေးဆရာကြီးဆိုသူ မသိတာတော့ မဖြစ်နိုင်ဘူးခင်ဗျ။ ဘာကြောင့်လဲဆိုရင် ဒီကနေ့ ရင်ကော့ ကြွေးကြော်နေတဲ့ အဲဒီပုဂ္ဂိုလ်ကြီးဟာ တစ်ချိန်တစ်ခါက အင်အားကြီးနိုင်ငံတစ်ခုရဲ့ သံရုံးမှာ အခစားအမှုထမ်းလုပ်ခဲ့တဲ့ အငြိမ်းစား အလိုတော်ရိကြီး မဟုတ်ပါလားခင်ဗျား။

အဲ...အဲ စကားလမ်းကြုံလာတော့လည်း ပြောစရာတွေ ရှိလာသဗျ။ အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူပြောသွားတဲ့ ဟိုသံရုံး၊ ဒီသံရုံးတွေက ထမင်းဖိုး၊ ဟင်းဖိုးလေး စွန့်ကြဲပေးကမ်းဖို့အတွက် အဲဒီသံရုံးတွေရှေ့မှာ သွားသွားပြီး လက်သီးလက်မောင်းတန်း၊ အင်အားပြရတဲ့အလုပ်ကလည်း သူတို့ရဲ့ ဒုက္ခ

တစ်မျိုးပေါ့ဗျာလို့ ပေါက်စရဲ့ ရောင်းရင်း အပေါင်းအသင်းတစ်ဦးက ရင်ဖွင့်ညည်းတွားခဲ့တယ်။ ဒါ့အပြင် ကွယ်လွန်သူ စာရေးဆရာကြီးတစ်ဦးကတော့ စီတန်းလမ်းလျှောက် ကြွေးကြော်ရင်းနဲ့ ထမင်းဖိုး၊ ဟင်းဖိုးပေးတဲ့သံရုံးရှေ့မှာ အင်အားပြမယ် ဆိုတာလည်း သိရော မင်းတို့ကသူတို့ဩဇာခံ၊ သူတို့အကြိုက်လိုက်လုပ်နေတာပဲ၊ ငါကတော့ သူတို့ကိုမယုံကြည်ဘူး၊ ငါတော့လက်မခံဘူး၊ လိုက်လည်းမလိုက်တော့ဘူးဆိုပြီး လမ်းခွဲခဲ့တာကိုလည်း ပေါက်စ ကြားလိုက်၊ သိလိုက်ရသဗျ။

ထားလိုက်ပါတော့ဗျာ။ ရှစ်လေးလုံးမင်းမဲ့စရိုက်သောင်းကျန်းမှုရဲ့ အနိဋ္ဌာရုံတွေဟာ စာဖွဲ့လို့မကုန်အောင် ရှိနေတော့ ပေါက်စ ပြောနေရင် ပေရှည်သွားမှာဖြစ်သဗျ။ အဲသလောက် အနိဋ္ဌာရုံတွေ လွှမ်းနေတဲ့ မင်းမဲ့စရိုက် သောင်းကျန်းမှုကြီးကိုပဲ အောက်မေ့ဖွယ်အစီအစဉ်အဖြစ် တခမ်းတနားလုပ်ပြီး ပြည်ပအသံလွှင့်ဌာနတွေက ထုတ်လွှင့်တာဟာ မြန်မာနိုင်ငံမှာ အဲသလိုမင်းမဲ့စရိုက်သောင်းကျန်းမှုမျိုး တစ်ကျော့ပြန်လာဖို့အတွက် လှုံ့ဆော်သွေးထိုးတာလားလို့ ပေါက်စမေးပါရစေဗျာ။

တစ်ခုတော့လည်း ပေါက်စတို့ မြန်မာပြည်သူတွေအတွက် အမြတ်ထွက်တယ်လို့ ပြောနိုင်သဗျ။ အမျိုးသားရေး ဦးဝင်းနိုင်တို့လို နိုင်ငံရေးဇာတ်ပျက်လူတန်းစားများရဲ့ ဒီမိုကရေစီဖြစ်ပေါ်ရေး ဖော်မြူလာနည်းစနစ်ကတော့ တိုင်းပြည်နဲ့လူမျိုး ဘာပဲဖြစ်ဖြစ် သွေးပင်လယ်ထဲမှာ ပြည်သူတွေနစ်လည်း ပြဿနာမရှိ၊ တိုင်းပြည်ကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပြီး ပြာပုံဘဝရောက်လည်း နိုးပရော်ဗလမ် (No problem) ဆိုတဲ့ ဒီမိုကရေစီစည်းစိမ်ခံစားရေးအတွက် တိုင်းပြည်နဲ့လူမျိုးကိုစတေးမယ့် အာဏာရမ္မက် ဒီမိုကရေစီပဲဖြစ်တယ်ဆိုတာကို ပြည်သူတွေ နားနဲ့ဆတ်ဆတ် ကြားလိုက်ရတာပေါ့ဗျာ။

ကဲ ... ပေါက်စ စကားတစ်ထောက်နားပါတော့မယ်။ အခုလို VOA ရဲ့ ရှစ်လေးလုံး အောက်မေ့ဖွယ်ထူးရှယ်အစီအစဉ်ကြီးမှာ အမျိုးသားရေး ဦးဝင်းနိုင်ဆိုသူ နိုင်ငံရေးဇာတ်ပျက် ပုဂ္ဂိုလ်အကောင်းစားကြီးရဲ့ သုံးသပ်တဲ့ ဗျူးခန်းမှာ စကားစကားပြောပါများတော့ စကားထဲကဇာတိပြလာတဲ့အတွက် ဦးဝင်းနိုင် အပါအဝင် ဒီမိုကရေစီလိုလားသူများဟူသော နိုင်ငံရေးဇာတ်ပျက်များ၊ နိုင်ငံရေး အထည်ကြီးပျက်များနဲ့ ပြည်တွင်းပြည်ပ ရှိရှိသမျှ အဖျက်သမားအားလုံးဟာ အာဏာရမ္မက် ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းကို မိုက်မဲရူးသွပ်စွာ ဦးတည်ရှေးရှုနေတယ်ဆိုတာ နိုင်ငံရေးဇာတ်ပျက် ပုဂ္ဂိုလ်အကောင်းစားကြီး ဦးဝင်းနိုင် ကိုယ်တိုင် ကမ္ဘာသိ၊ မြန်မာသိအောင် မရှက်မကြောက် ကြော်ငြာလိုက်တာ ဖြစ်တယ်လို့ပဲ ပေါက်စအပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက သဘောပေါက် နားလည်ကြပြီး **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုတဲ့စကားနဲ့ အခမဲ့ သနားနေကြပါတယ်ခင်ဗျား။ ။

ပန်းအလှပင်များ စိုက်ပျိုး

ဝိုင်းမော် ဩဂုတ် ၂၄

ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ဩဂုတ် ၁၇ရက်က ဝိုင်းမော်မြို့ ဒူဝါဇော်လွန် လမ်းတစ်လျှောက်တွင် မိုးရာသီပန်းအလှပင်များ မြေချ စိုက်ပျိုးခဲ့ရာ အမှုဆောင် အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးသန်းထွန်းဝင်းတို့က ကြီးကြပ်၍ စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – Methods of Finding Estimators (စီးပွားရေး)
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၂၁)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်ဓား" (အပိုင်း-၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမှ ပေါ်ထွန်းလာသည့် စက်ရုံစီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတကာအရည်အသွေးမီ အင်ဂျင်စက်ပစ္စည်းများထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဩဂုတ် ၂၉ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း ရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✡ **နိုင်ငံတော်မှ**

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၉ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံတည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း၊ စီမံကိန်းအကောင်အထည်ဖော်ရန် အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့မှုများ၊ ထုတ်လုပ်မည့်အင်ဂျင်ပုံစံ (Model) အမျိုးအစားနှင့် စွမ်းအား၊ အင်ဂျင်အမျိုးအစားအလိုက် အသုံးဝင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက စက်ရုံမှထုတ်လုပ်မည့် အင်ဂျင်များ၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များ၊ နည်းပညာလွှဲပြောင်းရယူရေး ကိစ္စများ အတွက် ညှိနှိုင်းစီစဉ်ထားမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်ထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ရတနာအုတ်မြစ်စီ

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံအဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို သတ်မှတ်နေရာ၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Yu Boren နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ XJ Group Corporation မှ President , Mr. WangJinian နှင့် အဖွဲ့ဝင်များ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘင်ခရာအဖွဲ့၊ စည်တော်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်စီမည့် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအခါတော်ပေး ဆရာကြီးဦးကျော်က "ဇယဗ္ဗော အောင်ဂါထာ" ရွတ်ဆို၍ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးပြီး မင်္ဂလာကမ္ပည်းကျောက်စာကို ဖတ်ကြားသည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၉နာရီ ၅၄မိနစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို ရတနာအုတ်မြစ် အလယ်ဗဟိုတွင် မြှုပ်နှံပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က နဝရတ်ကိုးပါးရတနာအုတ်များကို သတ်မှတ်နေရာ အသီးသီးတို့တွင် ပြိုင်တူစီထား မြှုပ်နှံပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာ အုတ်မြစ်စီ မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာကို အုတ်မြစ်အလယ်ဗဟိုတွင် ဖုံးအုပ်ပေးပြီး နဝရတ်ကိုးပါးရတနာငွေကြုတ်၊ ရတနာအုတ်နှင့် မော်ကွန်းကမ္ပည်း ကျောက်စာတို့အပေါ် အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးပြီး ရတနာအုတ် မြစ်စီ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၉ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံအဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် ရတနာအုတ်မြစ်စီ မင်္ဂလာမော်ကွန်းကမ္ပည်း ကျောက်စာကို အုတ်မြစ်အလယ်ဗဟိုတွင် ဖုံးအုပ်ပေးစဉ်။ (သတင်းစဉ်)

ရွှေမိုးငွေမိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ တည်ဆောက်မည့် ဧရိယာ အတွင်း အထောက်အကူပြု အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေ အနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ ဧရိယာအတွင်း ပါဝင်ဖွဲ့စည်းတည်ဆောက်သွားမည့် အလုပ်ရုံ များနေရာနှင့် ဒီဇိုင်းပုံစံ၊ ရေရရှိရေးအတွက် ဆောင်ရွက်ထားမှု၊ စက်ရုံဧရိယာ အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးပြီးစီးမှု၊ အထောက် အကူပြု လုပ်ငန်းများဖြစ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အအုံများ၊ လမ်းများ၊ ခြံစည်းရိုးများ ဖောက်လုပ်ကာရံပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးပြီး စက်ရုံဧရိယာအတွင်း သစ်တောသစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်သွားရေး၊ ရတနာတန်းဝင် အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်ကဲ့သို့သော အဖိုးတန် သစ်ပင်များ ဖြည့်စွက်စိုက်ပျိုးရေးနှင့် စက်ရုံမြေလွတ်နေရာများတွင် သီဟိုဠ်သရက် စသည့် စားသုံးသီးပင်များ စိုက်ပျိုးသွားရေး မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ စက်ရုံစီမံကိန်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၂၉ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းရှင်းလင်းဆောင်ရွေ့၌ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် စက်ရုံစီမံကိန်းပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၆ မှ

တာဝန်ရှိသူများ၊ ပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ယခု ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်းမှာ မိမိတို့ ၁၉၉၈ခုနှစ်ကပင် စတင်ကြိုးပမ်းခဲ့သော စီမံကိန်းတစ်ရပ်ဖြစ်ပြီး ယခု နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည့် စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု အစဉ်အဆက် ဖြစ်ထွန်းခဲ့ကြောင်း၊ ယခုအခါ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုသို့ တိုးမြှင့်လာခဲ့ကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ များစွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခု စက်ရုံစီမံကိန်းကဲ့သို့ နှစ်နိုင်ငံစက်မှု၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာခြင်း ပင်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ ပေါ်ထွန်းလာသည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေး စက်ရုံစီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတကာ အရည်အသွေးမီ အင်ဂျင်စက်ပစ္စည်းများ ထုတ်လုပ်နိုင်စေရအောင် တရုတ်ပညာရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များ၊ ပညာရှင်များက နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်နှင့်အညီ ယခု စက်ရုံစီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံစက်မှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အရည်အသွေး ပြည့်ဝကောင်းမွန်သည့် ဒီဇယ်အင်ဂျင်ပစ္စည်းများ ထုတ်လုပ်သွားရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကလည်း လမ်းညွှန်ထားပါကြောင်း ပြန်လည်တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီမံကိန်းဆိုင်ရာ ပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၉ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းရှင်းလင်းဆောင်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ရုံစီမံကိန်း တာဝန်ရှိသူများ၊ ပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်း အမှတ်စဉ်(၂/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လူငယ်ဟော်ကီလက်ရွေးစင်များအတွက် ဝတ်စုံလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ်ဟော်ကီလက်ရွေးစင် အားကစားသမားများအတွက် လေ့ကျင့်ရေးဝတ်စုံနှင့် ချွေးသိပ်ဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့တွင် တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင် (ပြည်ပရေးရာတာဝန်ခံ)နှင့် ဦးကျော်ကျော်လှိုင်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်းနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ SMM Audio မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမြတ်မိုးက လေ့ကျင့်ရေးဝတ်စုံ ၃၂စုံနှင့် MMM ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းက ချွေးသိပ်ဝတ်စုံ ၂၄စုံကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံယူသည်။

ထို့နောက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌသည် မြန်မာလူငယ် ပဏာမ ဟော်ကီလက်ရွေးစင်များ ပါဝင်ကြသည့် အဝါရောင်အသင်းနှင့် မိုးပြာရောင်အသင်းတို့၏ လက်ရည်စမ်း ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)



၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အသက်(၂၁)နှစ်အောက် လူငယ်လက်ရွေးစင် ဟော်ကီအားကစားသမားများအတွက် အလှူရှင် SMM Audioမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမြတ်မိုးက လေ့ကျင့်ရေးဝတ်စုံ ၃၂စုံကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့် လက်ခံယူစဉ်။ (သတင်းစဉ်)

အပူပိုင်းမုန်တိုင်းငယ် အနောက်ဘက်သို့ ရွေ့လျားနိုင်

ရန်ကုန် ဩဂုတ် ၃၀

ယနေ့ နံနက် မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကာ အနောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဟောင်တန်း သာသနာ့ပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ် တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း "ပထမဆယ်စုနှစ်"(အပိုင်း-၁)**
- ၇:၅၀ ၆။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ ပုလင်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Grammar Made Easy.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၀၀ ၅။ ခံစားနားဆင် တေးဓာတ်ဝင်
- ၅:၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၀ ၈။ **နိုင်ငံခြား ကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝုခုန်း" (အပိုင်း-၂၀)**
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၇:၂၀ ၁၂။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၇:၃၅ ၁၃။ အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၁၈)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ ရက်က ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံအတွင်း တည်ဆောက်တပ်ဆင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါင်းလောင်းရေလှောင်တမံစီမံကိန်းအတွင်း အမြဲတမ်း စိမ်းလန်းစိုပြည်[...] သစ်တောဥပဒေနှင့်အညီ ကာကွယ်ကြိုးဝိုင်းတောများ သတ်မှတ်ထိန်း[...]

▲ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပေါင်းလောင်းဘက်စုံစီမံကိန်း

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းများအလိုက် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ရက်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ပေါင်းလောင်းရေလှောင်တမံ ပိုမိုခိုင်ခံ့ရန်အတွက် စဉ်ဆက်မပြတ် လေ့လာစစ်ဆေးနေမှု အခြေအနေများနှင့် ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လျှပ်စစ်ဓာတ်အား

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးတာဘိုင်စက်အမှတ်(၄) တပ်ဆင်ပြီးစီး၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် တစ်ပြည်လုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ တာဘိုင်စက်အမှတ်(၃)ကို စက်တင်ဘာလအတွင်း စက်များတပ်ဆင်ပြီးစီး၍ ဓာတ်အား ထပ်မံဖြန့်ဖြူးပေးနိုင်မည့်အခြေအနေနှင့် တာဘိုင်စက်အမှတ်(၂)နှင့် စက်အမှတ်(၁)တို့ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း စက်များ တပ်ဆင်ပြီးစီးမည့် အခြေအနေနှင့် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အထက်ပေါင်းလောင်းစီမံကိန်း

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို တိုးတက်စေ၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆မိုင်ခန့် အကွာ ပေါင်းလောင်းချောင်းပေါ်တွင်ပင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

✧ လက်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို တိုးတက်စေ၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းချောင်းပေါ်တွင် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

ယင်းနောက် နိုင်ငံတော[...]
ရေလှောင်တမံ ဘက်စုံစီမံကိ[...]
လယ်ယာစိုက်ပျိုးရေးနှင့် ဆ[...]
ဌာနတို့က စီမံကိန်းပါ ရည်[...]
ဝန်ကြီးဌာနအချင်းချင်း ပူ[...]
အရှိန်အဟုန်မြင့်တင် ဆော[...]
ထို့နောက် နိုင်ငံတော[...]
များသည် ပေါင်းလောင်း[...]
ရှုရပ်မှနေ၍ ပေါင်းလောင်[...]
အခြေအနေကို ကြည့်ရှုသ[...]

ယင်းနောက် နိုင်ငံတေ[...]
များသည် ပေါင်းလောင်းေ[...]
ကြီးများဖြင့် ပင်မကျောက်[...]
စစ်ဆေးသည်။ ထို့နောက် [...]
အဆင့်(၁)၊ (၂)၊ (၃)နှင့် (၄[...]
ထိုမှတစ်ဆင့် ရေထိန်[...]
နေမှုအခြေအနေတို့ကို ကြ[...]
ယင်းနောက် နိုင်ငံတော[...]
ရေလှောင်တမံ ဘက်စုံစီမံ[...]
အမြဲတမ်း စိမ်းလန်းစိုပြည်နေ[...]
အညီ ကာကွယ်ကြိုးဝိုင်းတော[...]
သွားရေးကို သစ်တောရေ[...]
မှာကြားသည်။

မြေအေ[...]

ထို့နောက် နိုင်ငံတော်[...]
သည် ပေါင်းလောင်း မြေအေ[...]

တောင်သူလယ်သမား ပြည်သူများအတွက် သီးနှံမျိုးကောင်းမျိုးသန့်များ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ စမ်းသပ်ရှာဖွေ ဖော်ထုတ်ဖြန့်ဖြူး

အရှိန်အဟုန်မြှင့်တင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တာဝန်ယူ အကောင်အထည်ဖော်နေကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က စီမံကိန်းပါ ရည်မှန်းချက်အတိုင်း အောင်မြင်ပြီးမြောက်ရေးအတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ပြီး အချောသတ်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်ရှုရပ်မှနေ၍ ပေါင်းလောင်းရေလှောင်တမံ ရေဝင်မှု၊ ရေထိန်းသိမ်းထားမှု အခြေအနေကို ကြည့်ရှုသည်။

ပင်မကျောက်ဖြည့်တမံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှု

...မ်းလန်းစိုပြည်နေစေရေးအတွက် သတ်မှတ်ထိန်းသိမ်းဆောင်ရွက်

စစ်ဆေးသည်။ ထို့နောက် ရေပိုလွှဲလုပ်ငန်း၌ ရေခေါ်မြောင်း၊ ရေငြိမ်ကန် အဆင့်(၁)၊ (၂)၊ (၃)နှင့် (၄)တို့ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရေထိန်းမျှော်စင် (Intake Tower) တည်ဆောက်ပြီးစီးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဧရိယာအတွင်း သစ်ပင်သစ်တောများဖြင့် အမြဲတမ်း စိမ်းလန်းစိုပြည်နေစေရေးအတွက် သစ်တောဥပဒေ စည်းကမ်းများနှင့်အညီ ကာကွယ်ကြိုးဝိုင်းတောများ သတ်မှတ်ထိန်းသိမ်း ကာကွယ်ဆောင်ရွက်သွားရေးကို သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူတို့အား မှာကြားသည်။

မြေအောက်ဓာတ်အားပေးစက်ရုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံအတွင်းသို့ သွားရောက်၍ တာဘိုင်စက် အမှတ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့၏ စက်တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ရှင်းလင်းပြသသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ ရက်က ပျဉ်းမနားမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ပြသထားသည့် မြန်မာ့စပါးမျိုးကွဲများနှင့် သီးနှံဗီဇမျိုးကွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC မှ Chairman Mr. Feng Ke နှင့် အဖွဲ့ဝင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC မှ Chairman Mr. Feng Ke နှင့် အဖွဲ့ဝင်များက ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အမှတ်တရပုံကို ဂါရဝပြု ပြန်လည်ပေးအပ်ကြသည်။

ထုတ်လွှတ်ပေးမည်

ပေါင်းလောင်း မြေအောက်ဓာတ်အားပေးစက်ရုံရှိ တာဘိုင်စက် အမှတ်(၄)မှာ စက်တပ်ဆင်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဓာတ်အားမဂ္ဂါဝပ် ၇၀ ကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် တစ်ပြည်လုံးသို့ ထုတ်လွှတ်ပေးလျက်ရှိပြီး ကျန်တာဘိုင်စက်သုံးလုံးမှာလည်း ယခုနှစ်မကုန်မီ တပ်ဆင်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးသုတေသနဌာန

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပျဉ်းမနားမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်စိုးနှင့် ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မျိုးစေ့ဘဏ် စည်းဝေးခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဌာနသစ်တစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းထူထောင်ကာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို ပိုမိုထိရောက်ပီပြင်စွာ ဆောင်ရွက်လျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်စိုးက စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ခေတ်မီစိုက်ပျိုးရေးသုတေသနရလဒ်များ အသုံးချခြင်းဖြင့် လယ်ယာကဏ္ဍတိုးတက်၍ တောင်သူလယ်သမားများနှင့် နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးလာစေရန် မျှော်မှန်းလျက် ဖွဲ့စည်းထားမှု၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြစ်သည့် ရေတော်မိုးတော်အခြေအနေအတွက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေမြေအခြေအနေမပေးသော ဒေသများအတွက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ရေမြေဒေသမရွေး အသုံးပြုနိုင်သည့် နည်းပညာသုတေသနလုပ်ငန်းများ၊ အပင်ဇီဝနည်းပညာ သုတေသန ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ မျိုးရိုးဗီဇစုဆောင်းခြင်း၊ အကဲဖြတ်မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးချခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးနှင့်နည်းပညာ ပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံမျိုး မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ သီးနှံစပ်မျိုး သုတေသနလုပ်ငန်းများ၊ မျိုးစေ့ဘဏ်လုပ်ငန်းနှင့် နည်းပညာပြန့်ပွားရေးအတွက် သုတေသနစမ်းသပ်ကွက်များ ဖော်ထုတ်ဆောင်ရွက်ခဲ့မှု၊ အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လွန်စွာအရေးပါ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးသုတေသန လုပ်ငန်းများသည် နိုင်ငံတော်အတွက် လွန်စွာမှ အရေးပါကြောင်း။

ယင်းသို့ နိုင်ငံတော်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို အားစိုက် ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး သုတေသနဦးစီးဌာနကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဦးစီးဌာနတစ်ခု ဖြစ်လာသည့်အားလျော်စွာ ယခင်အခါက တစ်နိုင်ငံလုံးတွင် ပြန့်ကြဲလျက် သီးခြားစီ ဆောင်ရွက်နေကြသည့် သီးနှံအမျိုးမျိုးအတွက် သုတေသနလုပ်ငန်းများကို တညီတညွတ်တည်း စုစည်းနိုင်သည့်အပြင် ခေတ်မီသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

ပန်းတိုင်အထွက်နှုန်း

ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပင်မသီးနှံ ၁၀မျိုးအတွက် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်ရာ ယင်းပန်းတိုင်ရည်မှန်းချက်များ သတ်မှတ်ချိန်ကာလထက်စော၍ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြင့် အထောက်အကူပြုကြရမှာဖြစ်ကြောင်း။

စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုက ပံ့ပိုးပေးရမှာဖြစ်သကဲ့သို့ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနကလည်း တောင်သူလယ်သမား ပြည်သူများအတွက် သီးနှံမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီ စိုက်ပျိုးရေးနည်းစနစ်များ၊ ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် သီးနှံစိုက်ပျိုးမှုစနစ်များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် စမ်းသပ်ရှာဖွေ ဖော်ထုတ် ဖြန့်ဖြူးပေးရမှာ ဖြစ်ကြောင်း။

မျိုးပွားသုတေသနပြု

ပြည်သူများ ဝမ်းစာဖူလုံပြည့်စုံစေရေးအတွက် အထွက်နှုန်းကောင်းမျိုးများ၊ ပြည်ပဝင်ငွေရှာဖွေပေးနိုင်မည့် အရည်အသွေးကောင်းမျိုးများ သုတေသနပြုထုတ်လုပ်ရင်း မိမိတို့နိုင်ငံ၏ မျိုးရင်းသီးနှံများ ဗီဇမျိုးရင်း

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✻

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၈ရက်က ပျဉ်းမနားမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန စမ်းသပ်စိုက်ကွင်းတွင် စမ်းသပ်စိုက်ပျိုးပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါင်းလောင်း ရေလှောင်တမံ

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❀ **အတွင်းရေးမှူး(၁)မှ**

စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ “မြန်မာ့ကျောင်း” သီချင်းကို သီဆိုကာ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သီတာအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ကျောင်းသူလေးများဖြစ်ကြသည့် မခင်ဇာခြည်ကိုနှင့် မခိုင်ရွှေလင်းတို့က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးစောလွန်းတင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်သည့် Computer Application Room & Computer Aided Instruction Room၊ Language Lab Room၊ Electronic Media (Video Lab) Roomနှင့် Study Roomတို့ကို လှည့်လည်ကြည့်ရှု၍ ခေတ်မီ သင်ထောက်ကူပစ္စည်းများ အသုံးပြုကာ ဆရာ၊ ဆရာမများက သင်ကြား ပို့ချပေးနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများက သင်ယူလေ့ကျင့်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အိမ်တွင်းမှု သိပ္ပံခန်းကို ဝင်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကျောင်း၏ နဝရတ်ခန်းမ၌ဖွင့်ပွဲအစီအစဉ်များကိုဆက်လက်ကျင်းပရာ ကျောင်းသူ လေးများဖြစ်ကြသည့် မကြာင်ထူးနှင့်မသွေဝါးဖော တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူများက အဆို အက အနုပညာစွမ်းရည်များကို ပြသကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးစောဘိုကြီးကြီးတို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောလွန်းတင်တို့က ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေးအထောက်အကူပြု ပစ္စည်းများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သီတာအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စာရေးခုံ၊ ထိုင်ခုံများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်ငါးသိန်း၊ ဦးစောအယ်လ်ဘိုကနောင် မိသားစုက ငွေကျပ် ခြောက်သိန်း၊ဆရာမိဘနှင့်ကျောင်းသားဟောင်းများက ငွေကျပ်သုံးသိန်း၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ ကြည့်မြင်တိုင်မြို့နယ် ကရင် အမျိုးသားရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးစောဘိုကြီးကြီးက ငွေကျပ်တစ်သိန်း၊ Grace Home က ငွေကျပ်တစ်သိန်း၊ ဦးစောပလာထူးက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဦးနှင်းစိန်–ဒေါ်မြငြိမ်း(အောင်သိန်း သစ်ဆိုင်)၊ဦးမောင်မြင့်–ဒေါ်အေးသန်း(ထွန်းမြတ်သူ ကုမ္ပဏီလီမိတက်)၊ ဦးကျော်လှိုင် မိသားစု၊ သီရိမင်္ဂလာဈေးသာယာရေးနှင့် စည်းကမ်း ထိန်းသိမ်းရေး ကော်မတီနှင့် ဦးအာဝါး(ရွှေငါးကုမ္ပဏီ)တို့က ငွေကျပ်တစ်သိန်းစီ၊ဦးစောလူးသာဘထွန်း၊ ဒေါ်လှဝင်း၊ ဦးမောင်မောင်ထွေးနှင့် ဒေါ်အေးအေးမော်၊ ဦးစောကျော်ဘနှင့် ဒေါ်မိမိစိုး၊ ဦးသိန်းထူး၊ဒေါ်တင်အေး(မင်္ဂလာ သက်ဝေဖြိုး ဆောက်လုပ်ရေး)၊ ဒေါ်အေးမြိုင်(ဝင်းဗိုလ်အောင် ဆောက်လုပ်ရေး)၊ ဦးသိန်းဝင်း (ဝင်း မြန်မာ ဆောက်လုပ်ရေး)၊ ဦးမြင့်ထွေး (ထွန်းစတား ဆောက်လုပ်ရေး)၊ ဦးစိုးမြင့်ဦး (စိုးရှိုင်း ဆောက်လုပ်ရေး)၊ ဦးဖေခင်–ဒေါ်ခင်ဝေ မိသားစု၊ Great House (K.T.V & Beauty Saloon)နှင့် ဦးအောင်နိုင် မိသားစု (TKY musical Instrument Centre) တို့က ငွေကျပ်ငါးသောင်းစီတို့ကို ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်လှူဒါန်းကြသည်။

မှတ်တမ်းတင်

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်လှစ်နိုင်အောင်၊ ခေတ်မီနည်းပညာများကို ကျောင်းစာသင်ခန်းများ၌ ထိရောက်စွာ အသုံးပြုတတ်အောင်၊ ထူးချွန်သည့် လူ့အရင်းအမြစ်မွေးထုတ်နိုင်အောင် ပညာရေးဝန်ကြီးဌာနက အခြားအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာ ကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား၊ ကျောင်းသူများက “ဓာတိမာန်” သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

စက်သုံးဆီ ခြိုးခြံချွေတာရေး

▲ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။

▲ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။

▲ ထိုငွေဖြင့် ရေဝတီ မြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

ချစ်ကြည်ရေးပွဲမစမီ နှစ်ဖက်ဘောလုံးအသင်းအား တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

ချစ်ကြည်ရေးခြေစမ်းပွဲ နှစ်ဂိုးစီသရေကျ

စက်တင်ဘာ ၂ရက်၌ ဘဏ္ဍာ/အခွန်နှင့်ကစားမည်

သတင်းဆောင်းပါး-ညီညီစိုးညွှန့်၊ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၃၀

မြန်မာ-ဟောင်ကောင် ချစ်ကြည်ရေးအစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟောင်ကောင်ကလပ် Kitchee အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းတွင်ကျင်းပရာ တစ်ဖက်နှစ်ဂိုးစီဖြင့်သရေပွဲဖြစ်သွားသည်။

ကာကွယ်ရေး ဝန်ကြီးဌာနအသင်း - နှစ်ဂိုး။
(ကျော်မင်းသက်နှင့်သန့်ဇင်ဦး)

ဟောင်ကောင် Kitchee
ကလပ်အသင်း - နှစ်ဂိုး။
(နံပါတ်-၂၂ Jovanovic, Mihailo)

ဒိုင်လူကြီး - ဦးလှသန်းမောင်။

ချစ်ကြည်ရေး ခြေစမ်းပွဲ မစတင်မီ နှစ်ဖက်ကစားသမားများအားတပ်မတော် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထိန်လင်းနှင့် ဟောင်ကောင် Kitchee ကလပ်အသင်းဥက္ကဋ္ဌ Mr. Benny Fung တို့က လိုက်လံနှုတ်ဆက်ကြသည်။

ချစ်ကြည်ရေး ပထမပွဲတွင် ညွှန့်ပေါင်းအသင်းကို အနိုင်ရရှိထားသည့် Kitchee အသင်းမှာ ယနေ့ပွဲတွင် ဦးဆောင်ဂိုးများစတင်သွင်းယူနိုင်သော်လည်း ကာကွယ်ရေး ဝန်ကြီးဌာနအသင်း၏ ချေပဂိုးများ ပြန်လည်သွင်းယူခံရ၍ သရေပွဲဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှာ ပွဲအစတွင် လူငယ်ကစားသမားများဖြင့် ပွဲထုတ်ကစားခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှာ ပွဲအစတွင် အချိတ်အဆက်မမိသော်လည်း အမာခံကစားသမားများ လဲကစားချိန်တွင် ကစားအားတက်လာသလို ကစားကွက်လည်းမိလာပြီး ချေပဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ Kitchee အသင်းမှာ ပထမပွဲကဲ့သို့ ကစားပုံ မကောင်းဘဲ အပေးအယူမှန်မှန်ဖြင့်သာ ကစားသွားသည်။

ပွဲအစငါးမိနစ်မှာပင် ဆာဘီးယားဘောလုံးသမား Jovanovic Mihailo အဝေးမှ အမှတ်မထင် ကန်သွင်းရာ ဂိုးဝင်သွား၍ Kitchee အသင်း အဖွင့်ဂိုးရရှိသွားသည်။ Kitchee အသင်းမှာ တောင်ပံများမှ ဂိုးရှေ့တင်ပြီး ခေါင်းတိုက်ဂိုးသွင်းရန်ကြိုးစားကစားရာအခွင့်အလမ်းများရရှိသော်လည်း ဂိုးပေါက်နှင့်လွဲချော်နေ၍ ဂိုးထပ်မရဖြစ်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှာ အမာခံကစားသမားများကို ထည့်သွင်းကစားလာ၍ ကစားကွက်မိလာပြီး ၂၇ မိနစ်တွင် ဟိန်းထက်နောင် နောက်ခံ လူများကို လိမ်ပြီးပေးရာ ကျော်မင်း သက်က ဂိုးသမားနှင့်

ယခုပွဲရလဒ်ကို အများကြီးကျေနပ်ပါတယ်ဟု ကာကွယ်ရေးအသင်းနည်းပြ ဦးအေးကြူ ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

တစ်ယောက်ချင်း အတွေ့တွင်ကန်သွင်းလိုက်၍ ကာကွယ်ရေးဝန်ကြီးဌာန အသင်း ချေပဂိုး ပြန်လည်ရရှိသွားသည်။

ဒုတိယပိုင်း ပွဲအစ ငါးမိနစ်တွင် ဟောင်ကောင် Kitchee အသင်း ပိုင်နယ်တီကန်ခွင့်ရရှိရာ အဆိုပါ ပိုင်နယ်တီကို ပထမပိုင်းဂိုးသွင်းသူ Jovanovic ကပင်သွင်းယူခဲ့၍ ဟောင်ကောင် ကလပ်အသင်းက ဒုတိယဂိုးရရှိသည်။

ထို့နောက်ပိုင်းတွင် နှစ်သင်းစလုံး လူစားများလဲကာ ကစားအား မြင့်တင်လာသည်။ ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှာ အချိတ်အဆက် မိမိဖြင့် ချေပဂိုးရရှိရေးတိုက်စစ်ဆင်ကစားလာသည်။ ၃၄မိနစ်တွင် သန့်ဇင်ဦးအဝေးမှ အမှတ်မထင်ကန်သွင်းရာဟောင်ကောင် လက်ရွေးစင်ဂိုးသမား Xiao Guoji ဖမ်းရာ လက်မှလွတ်ပြီး ဂိုးဝင်သွား၍ နှစ်ဂိုးစီသရေ ဖြစ်သွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းတွင် ဂိုး-ထွန်းထွန်းလတ်၊ နောက်တန်း-ကျော်ကျော်မောင်၊ ဌေးအောင်(ဇော်ဇော်)၊နိုင်ကိုဟုတ် (သီဟလွင်)၊ ကျော်ကျော်လင်း (မင်းမင်းထွန်း)၊ ကျော်ကိုကိုဝင်း(ဂုဏ်ဇာကမ်း)၊ အလယ်တန်း-ကျော်မင်းသက် (စန်းမောင်)၊ မောင်မောင်အောင်၊ အောင်စိုးကြူ၊ ရှေ့တန်း-အောင်ချမ်းမင်း(အောင်မိုးဦး) နှင့်ဟိန်းထက်နောင် (နေဝင်းအောင်) (သန့်ဇင်ဦး)တို့ ပါဝင်ကစားသွားကြသည်။

ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့် ပတ်သက်၍ နှစ်ဖက်အသင်းအား

မိမိတို့ဂိုးသမားအမှားကြောင့်ဒုတိယဂိုးပေးလိုက်ရတာပါဟုဟောင်ကောင်ကစ်ချီအသင်းနည်းပြ Mr.Cheng Sin Siu Chung ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

တွေ့ဆုံမေးမြန်းခဲ့သည်။ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနည်းပြ ဦးအေးကြူက “မိမိတို့အသင်းကို ညွှန့်ပေါင်းနှင့်ချစ်ကြည်ရေးပထမပွဲအပေါ်မူတည်၍ ပြင်ဆင်ခဲ့ကြောင်း၊ ပထမပိုင်းတွင် တစ်ဖက်အသင်းကစားအားကျအောင် လူငယ်တွေကို စသုံးခဲ့ကြောင်း၊ နောက်မှ အမာခံများကို ထည့်ကစားခဲ့ကြောင်း၊ တစ်ဖက်အသင်းက ၎င်းတို့နည်းဗျူဟာ အတိုင်း ဒုတိယပိုင်းကျမှ လူများ လဲကစားပြီး ကစားအားမြှင့်တင်ခဲ့ကြောင်း၊ ဒုတိယပိုင်းတွင် တစ်ဖက်က အမြန်ကစားပြီး အဝေးဘောများ အသုံးပြုလာ၍ မိမိတို့က ခံစစ်ကိုလုံအောင် လုပ်ပြီးမှ တိုက်စစ်ဆင်ကစားခဲ့ကြောင်း၊ မိမိအနေဖြင့် ယခုရလဒ်ကိုအများကြီး ကျေနပ်ပါကြောင်း” ပြောကြားသွားသည်။

လျှင်မြန်

Kitchee အသင်းနည်းပြ Mr. Cheng Sin Siu Chungn က “ကာကွယ်ရေး ဝန်ကြီးဌာနအသင်း ကစားပုံလျှင်မြန်ပါကြောင်း၊ မိမိတို့ အသင်းတစ်ရက်ခြားကစားရ၍ ကလေးတွေ နည်းနည်းပင်ပန်းနေကြောင်း၊ ဒုတိယဂိုးကတော့ ကျွန်တော်တို့ ဂိုးသမားအမှားကြောင့်ပေးရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုရလဒ်ကို ကျေနပ်ပါကြောင်း”ဖြင့်ပြောကြားသွားသည်။

စက်တင်ဘာ ၂ရက်ညနေ ၄နာရီတွင် သုဝဏ္ဏကွင်း၌ ချစ်ကြည်ရေးတတိယခြေစမ်းပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့်ဟောင်ကောင် Kitchee အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ (ကြေးမုံ)

* စာမျက်နှာ ၉ မှ

ပျောက်ကွယ်မသွားစေရအောင် စိုက်ပျိုးရေးသုတေသနပညာရှင်များက ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိပြခန်း(၁)၌ ပြသထားသည့် သုတေသနဆိုင်ရာ စာအုပ်စာတမ်းများ၊ လမ်းညွှန်စာစောင်များ၊ မြန်မာ့စပါးမျိုးကွဲများ၊ သီးနှံ့ဗီဇကွဲမျိုးများ၊ သီးနှံ ပရိတိန်းဗီဇကို ခွဲခြားသည့် ခေတ်မီ စက်ကိရိယာတို့ကို ကြည့်ရှုစစ်ဆေးသည်။ထို့နောက် မော်တော်ယာဉ်များဖြင့် လှည့်လည်လျက် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စမ်းသပ်စိုက်ကွက်တွင် စမ်းသပ်စပ်မျိုးစပါး ၇၁မျိုး စမ်းသပ်စိုက်ပျိုးပြသထားမှုနှင့် စမ်းသပ်စပ်မျိုးများဖြစ်သည့် ပြောင်း၊ စပါး၊ ဝါ၊ နေကြာ၊ ရေဆင်းစပ်မျိုး ခရမ်းချဉ်သီးနှံအမယ်များ ကိုလည်းကောင်း၊ မိုးနည်းဒေသနှင့် သင့်တော်သည့် ယာစပါးမျိုး စမ်းသပ်စိုက်ကွက်၏ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

သာသနာရေးဝန်ကြီးဌာန အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနည်းပြ ဘဒ္ဒန္တ ပညာသာမိ(မာဂဓီ-သာစည်) ဆရာတော် ဦးဆောင်သော သင်တန်းသား၊သင်တန်းသူ ၅၀၀ ကျော်တို့သည် ယနေ့နံနက် ၈နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့ အခမ်းအနားကို ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အနန္တငါးပါးကို ထိခြင်းငါးပါးဖြင့် စနစ်တကျဂါရဝပြုကြပြီး မြတ်စွာဘုရားအား ရေတော်၊ပန်းတော်၊ ဆီမီးတော်များ ဆက်ကပ်လှူဒါန်းကြကာ သာသနာလျှောက်ထားလွှာကို ရွတ်ဆိုလျှောက်ထားကြသည်။ ဆက်လက်၍ သင်တန်းသူ မစိုးစိုးခိုင်က “အတိဒူရေပိအာသန္နံ” အစချီသော မေတ္တာသာပဓာနဂါထာကိုလည်းကောင်း၊သင်တန်းသူ မတင်စံပယ်လှိုင်နှင့် မမြင့်သီတာခိုင်တို့က ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လည်းကောင်း၊ သင်တန်းသူ မသင်းမာဇင်နှင့် မထားထားဝင်းတို့က မေတ္တာသက်လုံအကြောင်းကို လည်းကောင်း၊ သင်တန်းသူ မသိမ့်သိမ့်သူ နှင့် မမြင့်သီတာခိုင်တို့က မေတ္တာစွမ်းအား အကျိုးများအကြောင်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး သင်တန်းသား၊ သင်တန်းသူများအားလုံးက မေတ္တာအခါတော်နေ့အကြောင်းသိမှတ်ဖွယ်ရာများကို ရွတ်ဆိုပူဇော်ကြသည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

ကာကွယ်

ဟောင်ကောင် Kitchee ကလပ်အသင်း၏ တိုက်စစ်ကို ကာကွယ်ရေးဝန်ကြီးဌာန ဂိုးသမား ထွန်းထွန်းလတ်နှင့် နောက်ခံလူများ ကာကွယ်စဉ်။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ စက်ချုပ်သင်တန်းအမှတ်စဉ်(၃၄/၂၀၀၄)ဆင်းပွဲ၊ (၃၅/၂၀၀၄) ဖွင့်ပွဲနှင့်အချက်အပြုတ် သင်တန်းအမှတ်စဉ်(၁၇/၂၀၀၄)ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

စက်ချုပ်သင်တန်းဆင်းပွဲ၊ ဖွင့်ပွဲနှင့် အချက်အပြုတ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း အမှတ်စဉ်(၃၄/၂၀၀၄)ဆင်းပွဲ၊ စက်ချုပ်သင်တန်းအမှတ်စဉ်(၃၅/၂၀၀၄)ဖွင့်ပွဲ နှင့် အချက်အပြုတ်သင်တန်းအမှတ်စဉ်(၁၇/၂၀၀၄) ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟို အလုပ်အမှုဆောင်များ၊ ကြီးကြပ် ကော်မတီဝင်နှင့် ဂုဏ်ထူးဆောင် နာယကများ၊ သင်တန်းနည်းပြ ဆရာမ များနှင့် သင်တန်းသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာ စကားပြောကြားပြီး အချက်အပြုတ် သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့် သည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က စက်ချုပ်သင်တန်းဆင်းလက်မှတ် များ ကို ချီးမြှင့်သည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်း ထူးချွန်ဆုရ အချက်အပြုတ်သင်တန်းမှ မရီရီဝင်းနှင့် စက်ချုပ်သင်တန်းမှ မသက်ထားနွယ်တို့အား ထူးချွန်ဆုများ ချီးမြှင့်သည်။

ယင်းနောက် သင်တန်းသူများ၏ အမှတ်တရပစ္စည်းများကို သင်တန်းသူ များကပေးအပ်ရာ ကြီးကြပ်ကော်မတီ ဝင်နှင့် ဂုဏ်ထူးဆောင် နာယက ဒေါ်စန်းစန်းမြင့်တို့က လက်ခံပြီး သင်တန်းသူများကိုယ်စား အချက် အပြုတ်သင်တန်းမှ ဒေါ်လှအေးနှင့် စက်ချုပ်သင်တန်းမှ မသက်ထားနွယ် တို့က ကျေးဇူးတင်စကား ပြောကြား သည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းက စက်ချုပ် သင်တန်းများကို နှစ်လတစ်ကြိမ် ပုံမှန် ဖွင့်လှစ်ပေးလျက်ရှိရာ အဆိုပါသင်တန်း သို့ စိတ်ဝင်စားသူများ စာရင်းပေးသွင်း တက်ရောက် သင်ကြားနိုင်သည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်မြောက်ပိုင်း(၄၅)ရပ်ကွက် ခိုင်ရွှေဝါလမ်း အမှတ်(၆၆၄)နေ ကွယ်လွန်သူများဖြစ်ကြသော အဘွား ဒေါ်မမကြီး၊ ဖခင် ဦးမောင်မောင်ကြီး၊ မိခင် ဒေါ်ငွေကြည်၊ ခင်ပွန်း ဦးကိုကို အေးတို့အားရည်စူး၍ ဒေါ်ခင်စောန နှင့် သားသမီး၊ မြေး၊ မြစ်တစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည် ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်း ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာ ရေးမှူး ဦးမောင်မောင်ကြီးသို့ ဩဂုတ် ၂၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိုးရာသီအလွတ်တန်းဘော်လီဘော ပြိုင်ပွဲအမျိုးသမီးအကြိုဗိုလ်လုပွဲတွင် ပြည်ထဲရေးအသင်း ရိုက်ခတ်မှုကို ပို့ဆောင်ရေး(က)အသင်းပိတ်ဆို့ စဉ်။ (ကြေးမုံ)



မင်္ဂလာဗျူဟာ ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၃၀

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်၏ (၂၅)ကြိမ်မြောက် ဝိပဿနာခုနစ်ရက်စခန်းကို စက်တင် ဘာ၃ရက် (သောကြာနေ့) တွင် ဖွင့်လှစ် ၍ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာကြီး ဦးသန်းနှင့် ကမ္မဋ္ဌာနာစရိယ လေးဦး တို့က ဟောကြားပြသမည်ဟု သိရ သည်။

(က–ပ)

ပူထရာဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာအသင်း တတိယဆုဖလားရရှိ

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၄ခုနှစ် ဩဂုတ် ၂၄ရက်မှ ၂၇ ရက်အထိ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သော (၄၄) ကြိမ်မြောက်အရှေ့တောင်အာရှအသင်း လိုက်တံခွန်စိုက်ပူထရာဖလားဂေါက်သီး ရိုက်ပြိုင်ပွဲတွင်ဦးရေးထက်ဒိုးက အုပ်ချုပ် သူအဖြစ် ဆောင်ရွက်ပြီး Professional Golfer ဦးချမ်းဟန်က နည်းပြ ဆရာအဖြစ် ဆောင်ရွက်ခဲ့သော မြန်မာ့ လက်ရွေးစင် အပျော်တမ်း ဂေါက်သီး ရိုက်အသင်းသည် တတိယဆုဖလားကို ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်းသည် ၂၁၇–၂၁၂–၂၁၃–၂၁၇လေးရက်ပေါင်း ၈၅၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ပြီး တတိယရရှိခြင်း ဖြစ်သည်။

(၄၄)ကြိမ်မြောက် အရှေ့တောင် အာရှအသင်းလိုက်တံခွန်စိုက်ပူထရာ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယရရှိသော မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်း အား ပြိုင်ပွဲမှအပြန် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ပြိုင်ပွဲတွင် ထိုင်းအသင်းက စုစုပေါင်း ၈၃၇ချက်ဖြင့် ပထမရရှိခဲ့ပြီး မလေးရှား အသင်းက စုစုပေါင်း ၈၃၉ချက်ဖြင့် ဒုတိယ ရရှိခဲ့သည်။

ဖိလစ်ပိုင်အသင်းက စုစုပေါင်း ၈၆၆ ချက်ဖြင့် စတုတ္ထ၊ စင်ကာပူအသင်းက စုစုပေါင်း ၈၆၈ ချက်ဖြင့် ပဉ္စမ၊ အိမ်ရှင် အင်ဒိုနီးရှားအသင်းက စုစု ပေါင်း ၈၉၁ချက်ဖြင့် ဆဋ္ဌမနှင့် ဟောင်ကောင်အသင်းက စုစုပေါင်း ၉၁၁ချက်ဖြင့် သတ္တမ ရရှိခဲ့သည်။

(သတင်းစဉ်)

မိုးရာသီအလွတ်တန်း ဘော်လီဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး အကြိုဗိုလ်လု

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၄ခုနှစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း (အမျိုးသား၊ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)တွင် ကျင်းပရာ ပို့ဆောင်ရေး(က)အမျိုးသမီးအသင်းနှင့် ကာကွယ်ရေးအမျိုးသမီးအသင်း၊ ကာကွယ် ရေး(လူငယ်)အမျိုးသားအသင်းနှင့် မြို့တော်စည်ပင်အမျိုးသားအသင်းတို့ ဗိုလ်လုပွဲ သို့ တက်ရောက်သွားသည်။

အမျိုးသမီးပွဲ

အမျိုးသမီးအကြိုဗိုလ်လုပွဲတွင် ပို့ဆောင်ရေး(က)အသင်းက ပြည်ထဲရေး အသင်းကို ၂၅–၂၀ မှတ်၊ ၂၅–၁၄ မှတ်၊ ၂၅–၁၉ မှတ် သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးအသင်းက ပို့ဆောင်ရေး(ခ)အသင်းကို ၂၅–၁၂ မှတ်၊ ၂၅–၁၀ မှတ်၊ ၂၅–၁၄ မှတ် သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ အမျိုးသားအကြိုဗိုလ်လုပွဲတွင် ကာကွယ်ရေး(လူငယ်)အသင်းက ပြည်ထဲရေးအသင်းကို ၂၅–၁၆ မှတ်၊ ၂၅–၁၄ မှတ်၊ ၂၅–၁၂ မှတ် သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ၂၅–၁၇ မှတ်၊ ၂၅–၂၂ မှတ်၊ ၂၅–၂၀ မှတ် သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသမီးဗိုလ်လုပွဲအဖြစ် ပို့ဆောင်ရေး(က)အသင်းနှင့် ကာကွယ်ရေး အသင်း၊ အမျိုးသားဗိုလ်လုပွဲအဖြစ် ကာကွယ်ရေး(လူငယ်)အသင်းနှင့် မြို့တော် စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် အရေးနိမ့် ခဲ့သော အမျိုးသမီးပြိုင်ပွဲမှ ပြည်ထဲရေးအသင်းနှင့် ပို့ဆောင်ရေး(ခ)အသင်း၊ အမျိုးသားပြိုင်ပွဲမှ ပြည်ထဲရေးအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့မှာ တတိယနေရာအတွက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခမဲ့ကြည့်ရှုနိုင်

ဩဂုတ် ၃၁ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲများကို ကျင်းပမည် ဖြစ်ရာ တတိယနေရာလုပွဲကို နံနက် ၉နာရီမှစတင်၍လည်းကောင်း၊ ဗိုလ်လုပွဲ များကို မွန်းလွဲ ၁နာရီမှစတင်၍လည်းကောင်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)တွင် ကျင်းပမည်ဖြစ်ရာ ဘော်လီဘောအားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗဟန်း အလက(၁) မိဘဆရာအသင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃/၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၁၁နာရီတွင် အဆိုပါကျောင်းခန်းမဆောင်၌ကျင်းပရာ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်ကြူကြူ ရွှေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် မိဘဆရာအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာ အရိပ်အလှူ၊ ပန်းအလှူ၊ ထာဝရပန်းဒါန သစ်ပင်စိုက်ပျိုး ပူဇော်ပွဲမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာဝန်းကျင်၌ အရိပ်အလှူ၊ ပန်းအလှူ၊ ထာဝရပန်းဒါန သစ်ပင်စိုက်ပျိုး ပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ဖြစ်သည့် ယနေ့ နံနက် ၇ နာရီခွဲတွင် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာအနီးရှိ ရှင်းလင်းဆောင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအမှူးပြုသော ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်အား ရည်မှန်းလျက် ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာဝန်းကျင်၌ စိုက်ပျိုးမည့် ပွင့်ရာဇာမိ အင်ကြင်းပင်၊ ကံ့ကော်ပင်၊ ဇန္ဒရသရက်ပင်နှင့် ခရေပင်တို့အား ဆရာတော် သံဃာတော်များထံ ဆက်ကပ်ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမွှေးနံ့သာပက်ဖျန်း

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ဖြစ်သည့် သစ်ပင်စိုက်ပျိုးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာရှေ့၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်လှူဒါန်းသော ဇန္ဒရသရက်ပင်အား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စိုက်ပျိုးမည့်နေရာ၌ နဝရတ်ကိုးပါး ကျောက်မျက်ရတနာများ ကြဲပက်၍ စိုက်ပျိုးပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်အလှူရှင်များက ပွင့်ရာဇာမိအင်ကြင်းပင်၊ ကံ့ကော်ပင်၊ ခရေပင်နှင့် ဆီအုန်းပင်၊ ဂျုံးဘားအုန်းပင်နှင့် စွန်ပလွံပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့များက ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာဝန်းကျင်၌ ပန်းအလှပင်များကို စိုက်ပျိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနား မစတင်မီ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အဖြစ် ပန်းစေတီများနှင့် ပန်းပဒေသာပင်များ ဆက်ကပ်ပူဇော်လှူဒါန်းပွဲကို ရင်ပြင်တော်၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ပန်းစေတီများနှင့် ပန်းပဒေသာပင်များဖြင့် ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မုခ်လေးမုခ်ရှိ ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးတော်မူကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် အထက်ပစ္စယာ၌ သီတင်းသုံးတော်မူသော ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဆက်ကပ်ပူဇော်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရာဖြတ်ခြင်းကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲကို ဩဂုတ် ၃၀ ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရုံးချုပ်သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းညွန့် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းကာလ

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်/တိုင်း အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်သည်။

(၃၂)

ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက်ရှိ အမက(၁၀)တွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲ အခမ်းအနားကို ဩဂုတ်၂၉ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မခိုင်ဆုဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်း

❊ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **‘ဒါနသဟာယ’**မည်၏။

❊ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **‘ဒါနသာမိ’**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ်ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ဦးဆောင်မှုဖြင့် **“မဟာဇေယျအတုလမာရဇိန်”** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်နေ့တွင် ရေစက်ချ ဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ ရဟန်းရှင်လူပြည်သူအများနိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျကပ်လှူပူဇော်နိုင်ကြပါပြီ။

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက် စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဉာဏ်တော်	–	၂၄ ပေ ၉ လက်မ
ပလ္လင်တော်	–	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ ပိဿာဖြစ်ပါသည်။

ရွှေကိုလှူလျှင် ရွှေဆင်းသွင်သို့
ဘဝပင်မခြား တူအကျိုးပွား၏
ဘူမိဖဿ မုဒြာမြတ်ကို
မပြတ်သန့်စင် ရောင်ဝါလွင်သော
ရွှေစင်သင်္ကန်း ဒါနပန်းဖြင့်
လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်
နှိုးဆော်သတင်း ပေးဝေနှင်းသည်
ကောင်းခြင်းဖြာဖြာ ပြည့်စေသော် ...

(၁)ရွှေဆိုင်းဌာန	–	ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂)ရွှေအရည်အသွေး	–	ရွှေစင် ၉၉ ရာခိုင်နှုန်း
(၃)ကပ်လှူပူဇော်ချိန်	–	နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ
(၄)ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁-၅၄၁၆၈၁။

“ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ”

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၃၀

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် ငွေပဒေသာပင် အလှူတော်ရေစက်ချပွဲနှင့် အလှူရှင်များအား ဧည့်ခံဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် မွန်းလွဲ ၂နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ခမ်းနားစွာ ကျင်းပသည်။ **(ယာပုံ)**

အမှျပေးဝေ

အဆိုပါအခမ်းအနားသို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အလှူရှင် ၁၂၈၃ဦး တက်ရောက်ကြပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ အနုမောဒနာတရားနာယူကြလျက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမှျပေးဝေကြသည်။

လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၃၃၆၁၃၀၁၀ ဖြစ်သည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဩဂုတ် ၂၂ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားဝင်းရှိ အသင်းသိမ်ကျောင်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးတင့်ဇော်နှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ အနှစ်(၂၀)ပြည့် ၂၀၀၅ခုနှစ် ပြက္ခဒိန်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၀

စစ်ကိုင်းတောင်ရိုး ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ အနှစ်(၂၀)ပြည့် အထိမ်းအမှတ်နှင့် ရန်ပုံငွေအတွက်ထုတ်ဝေသော ၂၀၀၅ ခုနှစ် ပြက္ခဒိန်ကို ၃၀လက်မx၂၀လက်မအရွယ် ဆိုက်ကြီး၊ ပြက္ခဒိန်ဓာတ်ပုံပညာရှင်များဖြစ်သော မောင်မောင်ကြီး(ဆေး/မန်း) (A. MPS/ F. MPS)၊ ညောင်ဦးဖိုးချို၊ ချယ်ရီဦးအေ-အေးမောင်နှင့် မျိုးမြင့်ဆွေ(နေခြည်)တို့၏ လက်ရာ အတွင်းဓာတ်ပုံခြောက်ပုံဖြင့် စတင်ဖြန့်ချိရောင်းချနေပြီဖြစ်ကြောင်းနှင့် ဝယ်ယူအားပေးလိုပါက ဖုန်း ၀၁-၂၂၀၅၁၉၊ဖုန်း ၀၁-၅၁၃၂၄၁၊၀၁-၅၈၁၃၉၀နှင့် ၀၇၂-၂၂၀၃၄၊ ၀၉-၂၀၀-၁၇၁၇ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။(က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၃၀-၈-၂၀၀၄)

ရေး	-	၂ ဒသမ ၆၀ လက်မ
မိုးကုတ်	-	၂ ဒသမ ၁၃ လက်မ
ကော့သောင်း	-	၂ ဒသမ ၀၅ လက်မ



လေလံကြော်ငြာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်မှ အောက်ပါစက်လှေ(၄)စီးကို လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

စဉ်	လှေအမည်	အတိုင်းအတာ	အင်ဂျင်	မြင်း	ထားရှိနေရာ
၁။	ကုန်တင်လှေ	၄၀' X ၁၂' X ၅'	တိုယို	ဖတ်မရ	ငွေပင်လယ်ဘိုင်
၂။	ငွေပင်လယ်(၀၆၁) ဝါးလတ်လှေ	၈၅' X ၁၈' X ၉'	ကတ္တပီလာ	၆၀၀	အလုံငါးဦးစီးဘိုင်
၃။	အင်ဒိုနီးရှား ငါးမျှားတန်းလှေ	၅၆' X ၁၀' X ၄'	မစ်ဆူဘီရှီ	၁၂၅	အလုံငါးဦးစီးဘိုင်
၄။	ငွေပင်လယ်(၀၇၃) ဝါးလတ်လှေ	၆၇.၁၁' X ၁၈.၅' X ၆.၉'	ကမ်းမင်း	၄၅၀	အလုံငါးဦးစီးဘိုင်

၂။ ၎င်းလှေများကို အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချရန်။
- (က) လေလံတင်မည့်ရက်/အချိန် - ၃-၉-၂၀၀၄(၀၉:၃၀)နာရီ
- (ခ) လေလံတင်မည့်နေရာ- ၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
- (ဂ) လေလံစည်းကမ်း၊ လေလံဆွဲဝယ်သူသည်-
  - (၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊ နိုင်ငံသားစိစစ်ရေးကတ်ယူလာရမည်။
  - (၂) လှေ(၁)စီးချင်း စပေါ်ငွေ (၁၅)သိန်းတင်ရမည်။
  - (၃) လေလံအောင်သူသည် လေလံဆွဲသည့်နေ့တွင် ငွေတစ်ဝက်ကိုပေးချေ၍ ကျန်ငွေကို (၃) ရက်အတွင်း အပြီးပေးချေရမည်။

လေလံရောင်းချရေးအဖွဲ့
ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်
ဖုန်း-၂၉၁၆၉၇၊ ၇၀၇၅၁၉။



ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ်၂၇ရက်က အင်းစိန်မြို့နယ် ပင်မတောင်ယန္တရားခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန်မိုးရေချိန်

(၃၀-၈-၂၀၀၄)

မင်္ဂလာဒုံ
၀ ဒသမ ၅၂ လက်မ

ကမ္ဘာအေး
၀ ဒသမ ၁၂ လက်မ

ရန်ကုန်မြို့လယ်
၀ ဒသမ ၁၈ လက်မ။



ရန်ကုန်မြို့တော်တစ်ခွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ တိုးချဲ့တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရောက်ရှိ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်အနော်ရထာလမ်းနှင့် ၂၆ လမ်းဆုံသို့ ရောက်ရှိလာသည်။

လိုက်လံကြည့်ရှု

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ၂၆လမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊၂၅လမ်းနှင့် ၂၆ လမ်းနောက်ဖေးလမ်းကြားနှင့်၂၆ လမ်းနှင့်ကုန်ဈေးတန်းလမ်းတို့၏ နောက်ဖေး လမ်းကြားများ အမှိုက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးများ ဖျန်းခြင်း၊ ပိုးသတ် ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ်ဝင်းအတွင်း၌ တပ်မတော်သားများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အမှိုက်နှင့် ချုံနွယ် ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ဗဟန်းမြို့နယ်ကမ္ဘာအေးစေတီလမ်းနှင့် သာသနာ့ရိပ်သာလမ်းဆုံ၌ လမ်းဘေး ဝဲ/ယာရှိ လူသွားစင်္ကြံများ ကွန်ကရစ်ကျောက်ပြားများခင်းနေမှုကိုလည်းကောင်း၊ ရွှေတောင်ကြားလမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ စက်ယန္တရားဖြင့် ရေနုတ်မြောင်းတိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းဆုံ၌ လူသွားစင်္ကြံများ ကွန်ကရစ်ကျောက်ပြားများ ခင်းနေမှု၊ အမြင် တင့်တယ်စေရေးအတွက် လမ်းဘေး ဝဲ/ယာ၌ မြက်ခင်းများနှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့တော်တစ်ခွင်ရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အားလုံးတို့၌ နေထိုင်လျက်ရှိသည့် ပြည်သူအများ ကျန်းမာရေးနှင့် ညီညွတ်ပြီးသန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်တွင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် နေထိုင်နိုင်ရေးအတွက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်နှင့် နုန်းများဆယ်ယူခြင်း၊ တိုးချဲ့တူးဖော်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ကြရန်၊ မြို့တော် အတွင်းရှိ လမ်းများ အမြင် တင့်တယ်ပြီး သာယာလှပစေရေးအတွက် မြက်ခင်းများ ပန်းမန်များ၊ အလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများကို မိုးရာသီကာလတွင် အပြီးဆောင်ရွက်ကြရန်နှင့် လမ်းဘေး ဝဲ/ယာ လူသွားစင်္ကြံများ ကွန်ကရစ် ကျောက်ပြားခင်းခြင်း၊ လမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းပေါက်များ ဖာခြင်း လုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်တို့က စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

အလားတူ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့တော်တစ်ခွင် သန့်ရှင်းသာယာ လှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အားလုံးအပြင် တပ်နယ်များရှိ အိမ်ရာ စခန်းဝင်းများအတွင်း ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသပ်ရပ်စေရေးအတွက် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသင်တန်းများ ဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၁) သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ(၃)မြို့ပြသင်တန်းနှင့် ပစ္စည်းထိန်း(၃)သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယ ဝန်ကြီးများ ဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ် မြင့်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများ၊ သုဝဏ္ဏဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ကြည်ဝင်း၊သင်တန်းဆရာများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး ဝန်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၁) သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၇ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်၊ အငယ်တန်းအင်ဂျင်နီယာ(၃)မြို့ပြ သင်တန်းသို့ သင်တန်းသား သင်တန်းသူ(၄၃)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်နှင့် ပစ္စည်းထိန်း(၃) သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် သုဝဏ္ဏ ဗဟိုသင်တန်းကျောင်းရှိ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဩဂုတ် ၂၈ရက်က (၁၂)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဖျော့ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသွားသော မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ်အသင်းအား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့် တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။

(ထ-ပ-ဆ)

ဆုချီးမြှင့်

ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၈ရက်က ကျောင်းခန်းမ၌ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည် တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးရှင် မသက်မွန်စိုးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မန္တလေးစည်ပင်ညွှန်မှူး လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးကံလှသည် မန္တလေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးနှင့်အတူ ဇူလိုင် ၃၀ ရက်တွင် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မိတ္ထီလာမြို့ မဟာစည်ကွက်သစ်မြေအောက် ရေတူးဖော်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံ ဆောက်လုပ်နိုင်မည့်နေရာများကို ပန္နက်ရိုက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်က မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊ အဆောက်အအုံ ဆောက်လုပ်နိုင်မည့်နေရာများ၊ မြို့ရေကောင်း ရေသန့်ဖြန့်ဝေနိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မိတ္ထီလာကန်ရေကို အစားထိုးပေးဝေနိုင်ရန်အတွက် ၁၀ လက်မ စက်ရေတွင်း ၁၀ တွင်း တူးဖော်လျက်ရှိရာ စက်ရေတွင်း အမှတ်(၁)သည် တစ်နာရီရေထွက်နှုန်း ဂါလန် ၁၅၀၀၀ နှင့် စက်ရေတွင်း အမှတ်(၂)သည် ရေထွက်နှုန်းတစ်နာရီ ဂါလန် ၁၇၀၀၀ ထွက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှသည် ဇူလိုင် ၃၁ ရက်တွင် မိတ္ထီလာမြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေဆိုးကန်မှ ရေဆိုးစွန့်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သော ကျောင်းသား၊ကျောင်းသူများအား ဩဂုတ် ၂၈ ရက်က ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသားတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သာစည်မြို့၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

သာစည် ဩဂုတ် ၁၅

သာစည်မြို့နယ် ဝမ်းသာစပြကျေးရွာတွင် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ရွှေမြန်မာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းတင့်နှင့် ဝန်ထမ်းများ၊ ဝမ်းသာကျေးရွာအမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကျေးရွာမိခင်နှင့်ကလေး အသင်းအဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမိဘပြည်သူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေမြန်မာစာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ကျေးရွာအမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်မြရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သာစည်မြို့နယ် ပြန်/ဆက်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူငယ်လူရွယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်၊ ကြက်ခြေနီနှင့် စည်ပင်သာယာရေးဝန်ထမ်းများစုပေါင်း၍ ခရမ်းမြို့ဘိုးဘွားရိပ်သာအတွင်း ဩဂုတ် ၁ ရက်က သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဥယျာဉ်မြို့တော် တည်ဆောက်ရေးဆောင်ရွက်

ရွှေဘို ဩဂုတ် ၂၀

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဩဂုတ် ၁၅ ရက်က ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ကြီးအောင် လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာတွင် အဆင့်မြင့် ဥယျာဉ်မြို့တော် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မောင်းတို့က လိုက်လံရှင်းလင်းပြသကြသည်။

(မြို့နယ်စည်ပင်)

ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်မောင်လူနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် စည်ပင်အင်ဂျင်နီယာ ဦးရဲလွင်နှင့်ဝန်ထမ်းများ မြို့ပေါ်ရှိ ရပ်ကွက်ကြီးလမ်းဘေး ဝဲ-ယာတစ်လျှောက် အရိပ်ရပင်များ၊ ပန်းအလှပင်များ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းကို ဩဂုတ် ၁၃ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (၃၇၀)

မော်လမြိုင်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ HIV/AIDS ပညာပေးပြဇာတ်၊ စာစီစာကုံး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲဆုချီးမြှင့်

မော်လမြိုင် ဩဂုတ် ၂၁

မွန်ပြည်နယ် ကျန်းမာရေး ကော်မတီက ကြီးမှူးကျင်းပသည့် မော်လမြိုင်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ HIV/AIDS ပညာပေးပြဇာတ်၊ စာစီစာကုံး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမင်းနွယ်စိုး၊ ဒုတိယပြည်နယ်ပညာရေးမှူး ဦးမင်းကျော်ဝေနှင့် ဌာနဆိုင်ရာများ၊ Care Myanmar အဖွဲ့မှ ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ မွန်ပြည်နယ် ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမင်းနွယ်စိုးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ Care Myanmar အဖွဲ့မှ ဒေါက်တာဆွေဆွေအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး Care Myanmar အဖွဲ့က မေတ္တာစက်ဝိုင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆုချီးမြှင့်

ယင်းနောက် မော်လမြိုင်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ပညာပေး ပြဇာတ်၊ စာစီစာကုံး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် Care Myanmar အဖွဲ့မှ ဒေါက်တာဆွေဆွေအေးက အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြို့နယ်သတင်းများ

သန့်ရှင်းရေးဆောင်ရွက်

ဖားကန့် ဩဂုတ် ၂၁

ဖားကန့်မြို့နယ် မော်ရှန်ကျေးရွာ ရပ်ကွက်(၁)တွင် ဇူလိုင် ၂၂ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဆိပ်မူရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေး အသင်းဝင်များစုပေါင်း၍ ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၃၂၀ တို့အား မိုးရာသီ ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ထုံးများဖြူးခြင်း၊ အင်ဂျင်ဝိုင်များ ဖျန်းခြင်းစသည့် လုပ်ငန်းများကို ဖားကန့် စည်ပင်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးရာသီ ဘောလုံးပြိုင်ပွဲ ကျင်းပ

ရေတာရှည် ဩဂုတ် ၁၃

၂၀၀၄ ခုနှစ် မြို့နယ်ဥက္ကဋ္ဌ ဒိုင်း (အကြီးတန်း) မိုးရာသီ ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဩဂုတ် ၃ ရက် ညနေ ၄ နာရီက ရေတာရှည် မြို့မ အားကစားကွင်းတွင် ကျင်းပသည်။

ယှဉ်ပြိုင်

ဗိုလ်လုပွဲတွင် ရေတာရှည် မြို့မအသင်းနှင့် ရေနီမြို့မအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေတာရှည် မြို့မအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲပြီး ပထမဒိုင်းဆုကြီးကို ရရှိသွားသည်။

ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အား/ကာကော်မတီဝင်များ၊ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုရ ဘောလုံးအသင်းသားများအား အသင်းလိုက်ဆုနှင့် တစ်ဦးချင်း အကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ **(၁၄၁)**

ပြင်ဦးလွင်မြို့နယ် မြို့သန့်ရှင်းရေး၊ ဈေးများ သန့်ရှင်းရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်က ဇရပ်ကတတုံးဈေးတွင် စုပေါင်းသန့်ရှင်း ရေးလုပ်ငန်းများ ဆောင်ရွက်ရာ စည်ပင်အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင်ပြန်/ဆက်)

ချောင်းဆုံမြို့နယ် နတ်မော်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်

ချောင်းဆုံ ဩဂုတ် ၁၈

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သားငါးဖွံ့ဖြိုးရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၀ ရက်တွင် နတ်မော်ကျေးရွာ (စိုက်ပျိုးရေးစခန်း) အနီး စံပြစပါးစိုက်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူး တင်လှ၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးနှင့် အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

ယင်းနောက် စပါးခင်းများအတွင်း ငါးခုံးမ ငါးသားပေါက်ကောင်ရေ သုံးသောင်းကို မြို့နယ်အတွင်း နတ်မော်ကျေးရွာအုပ်စုရှိ တောင်သူဦးထွန်းရီ၏ လယ်မြေအပါအဝင် စပါးခင်းဧက ၅၀ အတွင်း သားငါးဖွံ့ဖြိုးရေးအတွက် ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

(က-ပ)

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဇူလိုင် ၇ ရက်က တနင်္သာရီလမ်းနှင့် ဗိုလ်ချုပ်လမ်းကြော တစ်လျှောက် မြို့သန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းအား အမှုဆောင်အရာရှိဦးအောင်ရွှေက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဗိုဝင်းမြင့် ဇူလိုင် ၃၀ ရက်က စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကမ်းနားလမ်းတွင် ဆောင်ရွက်နေသော မြေယာရှုခင်းအလှများအား ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (ပြည်နယ်စည်ပင်)

ရေကောင်းရေသန့်ရရှိရေးဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြကျေးလက်နေပြည်သူများ ရေကောင်းရေသန့်ရရှိရေး အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်က မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် အများသုံးရေတွင်း ၁၀ တွင်းနှင့် စီတာပူရပ်ကွက်ရှိအများသုံးရေတွင်း ရှစ်တွင်းအား မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ရေကောင်းရေသန့်ရရှိရေးအတွက် အဖွဲ့ပိုင်ရေစုပ်စက်များဖြင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

လှိုင်ကော်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်မျိုးစုံ လှူဒါန်း

လှိုင်ကော် ဩဂုတ် ၂၈

ကယားပြည်နယ် လှိုင်ကော်မြို့ မထောခုကျေးရွာအုပ်စု လောပိတ စံပြကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက လောပိတစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဝင်း၊ လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းခမ်းဝင်းနှင့် လောပိတ စံပြကျေးရွာဥက္ကဋ္ဌ ဦးလုဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဦးစီးအရာရှိ ဦးစိုင်းခမ်းဝင်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် အတွင်းရှိ ဆဲဗင်းဒေး ဂျာနယ်မျိုးစုံ ဖြန့်ချိရေးတို့မှ ဂျာနယ်မျိုးစုံနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

အဆိုပါစာကြည့်တိုက်သို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ မဂ္ဂဇင်း၊ ဆောင်းပါး၊ ဂျာနယ်၊ ပြည်ထဲရေးသတင်းလွှာ စုစုပေါင်း ၁၈၀ အုပ်နှင့် စာကြည့်တိုက် မတည်လှူဒါန်းငွေ ကျပ်၅၀၀၀ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်သူနှင့် ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းဘေး ဝဲ-ယာ တစ်လျှောက်တွင် ဇူလိုင်၃၀ ရက်က အရိပ်ရသစ်ပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ်၌ မြေခင်းအလှ ဆောင်ရွက်

ငပုတော ဩဂုတ် ၂၆

ငပုတောမြို့နယ် စည်ပင်သာယာရေး ဝန်ထမ်းများ မဂ္ဂင်လမ်းနှင့် ယုဇန လမ်းဆုံရှိ အဖွဲ့ပိုင် ရှုခင်းသာပန်းခြံမှ ပန်းအလှပင်များဖြင့် ပုံဖော်၍ မြေခင်း အလှ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၃ ရက်က ငပုတောမြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်း အင်ဂျင် နီယာ-၂(မြို့ပြ) ဦးသူရလွင်တို့ အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြ သည်။ **(မြို့နယ်စည်ပင်)**

ဖားကန့်စည်ပင် မိုးရာသီ ပန်းအလှပင်များ စိုက်ပျိုး

ဖားကန့် ဩဂုတ် ၂၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ ဖားကန့်မြို့ စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဩဂုတ် ၁၀ ရက်က ဖားကန့်မြို့ မရှိကထောင်ရပ်ကွက်နှင့် ယုမာကျေးရွာကြားရှိ ဖားကန့်-ဆိပ်မူ ကတ္တရာလမ်းမကြီးဘေး ဝဲ-ယာ တစ်လျှောက် အရိပ်ရပင်များနှင့် ပန်းအလှပင်များအား ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးဆောင်ရွက်ကြကြောင်း သိရသည်။ **(၅၃၈)**

ကြေးမုံ The Mirror မြို့နယ် သတင်းများ

ပျိုးဥယျာဉ် ကြည့်ရှုစစ်ဆေး

မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ပခုက္ကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ပျိုးဥယျာဉ်အား ဩဂုတ် ၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေး စဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ မြို့သာယာလှပရေးအတွက် စကြံ့လမ်း ကပ်တုံးများ ဆောင်ရွက် ခြင်းလုပ်ငန်းအား အဖွဲ့အမှုဆောင် အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းမောင်တို့ ကြည့်ရှုဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဆေးလိပ်ကင်းစင်ရေး ပညာပေးဟောပြော

သီပေါ ဩဂုတ် ၂၈

ဆေးလိပ်ကင်းစင်ရေး ပညာပေး ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် မွန်းလွဲ၂နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အခြေခံ ပညာအထက်တန်းကျောင်း မြည်လာခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင်က ဆေးလိပ်သောက်သုံးခြင်းကြောင့် ရရှိသည့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း၊ ငယ်ရွယ်စဉ်မှစ၍ မူးယစ်ဆေးဝါးနှင့် ဆေးလိပ်သောက်သုံးခြင်း မပြုခဲ့သည့် အသက် ၆၅ နှစ်ရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဦးဘိုအောင်က သီပေါမှ ရန်ကုန်သို့ တစ်ကိုယ်တော် စက်ဘီးစီး ခရီးစဉ်အကြောင်းများကို ဟောပြောကြသည်။ **(၂၄၇)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ကျိုက်လတ် ဩဂုတ် ၂၆

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ရက်က ဆူးဂဏန်းကျေးရွာသို့ သွားရောက်၍ အခမဲ့ ဆေးကုသပေးခြင်းနှင့် သောက်ရေကန် ခြံစည်းရိုးကာရံခြင်း၊ ရေတုံကင် တပ်ဆင်ပေးခြင်း**(အပေါ်ပုံ)**တို့ကို ဆောင်ရွက်ပေးခဲ့ရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်

မင်းလှ ဩဂုတ် ၂၇

ပဲခူးတိုင်း မင်းလှမြို့နယ်အတွင်းရှိကျေးရွာအုပ်စုအသီးသီးတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များကို ဩဂုတ်လအတွင်း ဖွင့်လှစ်ခဲ့ရာ ဘွတ်စိန်ပုကျေးရွာ ပညာအလင်းတန်းစာကြည့်တိုက်ကို ဩဂုတ် ၂၂ ရက်တွင်လည်းကောင်း၊ ဂင်ဒိတ်ကုန်းကျေးရွာ သုခမိန်စာကြည့်တိုက်ကို ဩဂုတ် ၂၇ ရက်တွင်လည်းကောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းတင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က အသီးသီး ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ) (က-ပ)**

စိမ်းလန်းစိုပြည်ရေး ရာသီပန်းများ စိုက်ပျိုး

မြစ်ကြီးနား ဩဂုတ် ၂၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်က မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းလယ် ကျွန်းပန်းပေါင်များပေါ်တွင် မြေခင်းအလှ ပြုပြင်ခြင်း၊ ဒေသထွက် ရာသီပန်းများ စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ-ယာ အရိပ်ရ ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေနှင့် အမှုဆောင် အရာရှိ ဦးအေးဆွေတို့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

(မြို့နယ်စည်ပင်)

မဟာဗန္ဓုလလမ်းဘေး ရေနုတ်မြောင်းတူးဖော်

မိုးညှင်း ဩဂုတ် ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ်ကွက် မဟာဗန္ဓုလလမ်းဘေး ဝဲ-ယာ ရေစီးရေလာ ကောင်းမွန်ရေး၊ လမ်းမပျက်စီးရေး၊ လမ်းပေါ်ရေမဝပ်ရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်း၊ လမ်းပခုံး မြေဖို့ခြင်းလုပ်ငန်းများအား ဩဂုတ် ၁၅ ရက်က ရပ်ကွက်နေ ပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရာ အရှေ့စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ငွန်းကီးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

ညောင်လေးပင်မြို့နယ် စံပြကွက်စခန်း၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

ညောင်လေးပင် ဩဂုတ် ၂၇

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ညောင်လေးပင်မြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ရှမ်းရွာအုပ်စုအတွင်းရှိ လယ်ဧက ၁၅၀ စံပြကွက်စခန်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အဆိုပါ စပါးခင်းအတွင်း ငါးမျိုးများထည့်ခြင်း အခမ်းအနားသို့ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှူး ဦးစောဘတင်နှင့် တောင်သူဦးကြီးများက ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။**(ယာပုံ) (၁၂၆)**

(၇) (၈) (၉) (၁၀) စာသင်သားများအတွက်သင်ရိုးညွှန်းတမ်းနှင့် အညီအင်္ဂလိပ်စာ
သင်ခန်းစာများပါရှိပါသည်။



FAME
Urocrush®
ဆီးကျောက်ပျော်ဆေး

MCC STANDARD Computer Centre
☑Basic Windows Course, Office XP Course
☑D.T.P Course,Graphic Design Course,Multimedia Course
☑Web Design Course , E-mail & Internet Course
☑ Programming (C &C++ , OOP, Visual Basic, Java, Access, Assembly)
☑ Computerized Accounting Course, A+ Hardware Course
☑English (4 skills) Course
☎ 578673, 561145

မင်းသိခ်
ဝတ္ထုတိုပေါင်းချုပ် အမှတ် (၃)
(ပထမအကြိမ်)
၁-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) ထွက်ပြီ
၁-၉-၂၀၀၄(ဗုဒ္ဓဟူး)နေ့ နံနက် ၈ နာရီမှ ၁၀ နာရီအတွင်း
ဆရာကြီး မင်းသိခ် ကိုယ်တိုင်လာရောက် လက်မှတ်ရေးထိုးပေးပါမည်။
လာဘ်မိုးရွာစာပေ အမှတ် ၁၁၁၊ ၃၃ လမ်း။ ဖုန်း- ၂၅၃၅၁၉။

အနူးအညွတ်တောင်းပန်ပါသည်

၂၀၀၃ခုနှစ် ဒီဇင်ဘာလထုတ် ပါရမီမဂ္ဂဇင်း စာမျက်နှာ (၈၉)ပါ ကျော်လှိုင်၏ ဆောင်းပါးဖြစ်သော "ကမ္ဘာ့ဝါစာ၏တန်ခိုး အကျိုးအာနိသင်များ (၅)"၌ပါသော ဖြစ်ရပ်သည် ထိုဆောင်းပါးပါ အမျိုးသမီးနှင့် လုံးဝ မပတ်သက်ပါ။ ဆောင်းပါးပါ အမျိုးသမီး၏ ဖြစ်ရပ်များကို မမှန်မကန် ဖော်ပြမိခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤအမှားအတွက် ဤနေရာမှနေ၍ အနူးအညွတ် တောင်းပန်ပါသည်။

ကျော်လှိုင်
၂/၉၆၊ အောင်မင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ မြောက်ဥက္ကလာပမြို့နယ်။

ကားထိုးလုံးငှါးသည်
CRANE

ဦးရာလူရောင်းမည်

အသုံးပြုနိုင်သော Tay lar Made 580x D (P350K) လျှော့ဈေးဖြင့် ရောင်းမည်။
ဖုန်း-၀၁-၅၃၈၅၁၇၊ ၀၉၅၀ ၁၇၄၁၅။

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်-၃၄၊ (၇)လွှာနေ ဦးဇော်လွင်ဦး[၁၂/စခန(နိုင်)၀၁၅၅၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လွင်ဦးသည် ဇနီး ဒေါ်မေခိုင်ဝင်း[၁၂/စခန (နိုင်) ၀၂၆၀၈၉]နှင့် တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ (၁၉-၈-၂၀၀၄)နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဇော်လွင်ဦးနှင့် ဒေါ်မေခိုင်ဝင်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်သက်ဆိုင်ခြင်း မရှိကြတော့ကြောင်းနှင့် ယခင် ဒေါ်မေခိုင်ဝင်းနှင့် ဆောင်ရွက်ခဲ့ကြသမျှသော ကိစ္စအရပ်ရပ်တို့သည် ဦးဇော်လွင်ဦးနှင့် မည်သို့မျှ ပတ်သက် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်း
တရားရုံးချုပ်ရှေ့နေ
အခန်း-အေ/၁၄၊ ပထမထပ်၊
အမှတ်(၅၀)၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅။





ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်ဟင်ဟင်မူ[၆/ကသန(နိုင်)၀၁၅၈၅၆]သည် လင်ယောကျ်ား၏ ဆိုဆုံးမခြင်းကို မနာခံဘဲမိမိဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင်ငွေနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။

ဦးငွေသိန်း[၆/ကသန(နိုင်)၀၁၅၈၅၇]

ဝမ်းနည်းကြေကွဲခြင်း

မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့သော ချစ်မိတ်ဆွေ ကိုသက်လွင်(၃၈)နှစ် ဟိုတယ်နှင့်ခရီးသွားလမ်းညွှန်သင်တန်းကျောင်း(ရန်ကုန်)အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုသက်လွင် ကောင်းရာသုဂတိလားပါစေ။
ဆရာဦးမျိုးသန့်
အေးထွန်း၊ စံလွင်၊ ကိုကိုလတ်၊ ကျော်ကျော်ဇင်၊
မိုးအောင်၊ သောင်းမျိုးလတ်၊ တင်ချောစု၊ ချိုချိုမြင့်။

ဝမ်းနည်းကြေကွဲခြင်း

သီတဂူသာသနာပြုအဖွဲ့ချုပ် အမှုဆောင်လူကြီး ဦးအောင်မြင့်(၅၈နှစ်) ကွယ်လွန်၍ မိသားစုနှင့်အတူ ဝမ်းနည်းပါကြောင်း။

ညီညွတ်စောင့်ရှောက်ရေးဆွမ်းလောင်းအသင်း
ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊
တာမွေမြို့နယ်။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ညွန့်
အသက်(၇၅)နှစ်
(ပုဇွန်တောင်)

ပျဉ်းမနားမြို့နေ (ဦးမြဒင်-ဒေါ်လှမြိုင်) တို့၏သမီး၊ ကျောက်ဖြူမြို့နေ (ဦးကျော်ထင်-ဒေါ်မေကျီ) တို့၏ သမီးချွေးမ၊ (ဗိုလ်ကြီးသာဟံ)၏ဇနီး၊ ဦးဝိုင်း-ဒေါ်နုစိန်၏ညီမ၊ ဦးညွန့်မောင်-ဒေါ်အုန်းကြည်၊ ဦးတင်အေး-ဒေါ်ဝိုင်း၊ ဦးဝင်းအောင် - ဒေါ်ကြူကြူခိုင်၊ ဦးစောလွင် -ဒေါ်သင်းသင်းမူ တို့၏ အစ်မ၊ ဦးအောင်ကျော်မင်း-ဒေါ်နွယ်နွယ်၊ ဦးတင်မြင့်-ဒေါ်ဘေဘီဟံတို့၏မိခင်၊ မောင်ဘုန်းမော်၊ ဒေါ်သူရအောင်တို့၏ အဘွား၊ ရန်ကုန်မြို့၊ အမှတ်-၄၀၄၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ခင်ညွန့်သည် ၂၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးအောင်မြင့်

(လူပုံတော်ပတ္တမြားအဘယသုခဆေးတိုက်ပိုင်ရှင်)

မခင်ဇာလီအောင်၊ကိုဝေလွင်တို့၏မွေးသဖခင် ဦးအောင်မြင့် အသက်(၅၈)နှစ်သည် ၂၂-၈-၂၀၀၄ရက် မွန်းလွဲ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ရပါကြောင်း။

ကိုနိုင်လင်း၊ Mrs. TAEKO KATO

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဒေါ်ခင်သင်းရီ(၇၄)နှစ်
(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)

ပါမောက္ခ ဒေါက်တာဦးမြသောင်း (ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး၊ အတိုင်ပင်ခံ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးရုံကြီးများ)၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါက်တာဒေါ်ခင်သင်းရီသည် ၂၇-၈-၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

UHC အထူးကုဆေးခန်း၊ ဒါရိုက်တာအဖွဲ့
UHC အထူးကုဆေးခန်း၊ ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုံးကြူ
အသက်(၇၇)နှစ်

ဦးစိန်ကျော်–ဒေါက်တာစုစုဟန်ခင်တို့၏ မိခင် ဒေါ်အုံးကြူသည် ၂၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာမြတ်မြတ်မွန်။

ဘုရား၊ ကျောင်း ရဟန်းဒါယကာ

ဦးမောင်မောင်ထွေး(ခ)ဦးထွေး
အသက် (၄၉)နှစ်
နေပြည်တော်ပုံနှိပ်တိုက်

မန္တလေးမြို့၊ ၈၄လမ်း၊ ကျောက်သွေးတန်းနေ နေပြည်တော်ပုံနှိပ်တိုက်နှင့် ရွှေဟသာယွန်းထည်ကုန်သည်(ဦးဘမြင့်–ဒေါ်ညိုညို)တို့၏ သား၊ ဦးကျော်လှိုင်–ဒေါ်ကြည်ကြည်တို့၏တူ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းတင့်(ခ)ဒေါ်ရဲ (ရဲဗမာ သင်္ကန်းတိုက်)၊ ဒေါက်တာမောင်မောင်–ဒေါ်မြင့်မြင့်(TO Biochemical Co.Ltd.)၊ [ကိုမောင်မောင်အေး(ခ)ကိုဒီ]၊ ဦးမြင့်သိန်း–ဒေါ်မမ (ရွှေဂျိုးသာလွန်းရာကျော် ချိတ်နှင့်ရွှေဗမာလိမ္မော်ခြံ)၊ဦးဝင်းကို–ဒေါ်မော်မော်ယုတို့၏ ညီ/မောင်၊ ဦးခင်မောင်ဦး–ဒေါ်နုနုရီ၊ ဒေါက်တာမောင်မောင်တိုး၊ ဒေါက်တာအောင်ကျော်ဘုန်း–ဒေါ်ခင်မိုးမြင့်(ခ)မိုးမိုး(ဒို့ဗမာပရိဘောဂ)၊ကိုသက်အောင်တို့၏အစ်ကို၊ တူ၊ တူမ ၁၈ယောက်တို့၏ဦးလေးသည် ၂၉–၈–၂၀၀၄ရက် ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁–၈–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး နေဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ရဟန်းဒါယကာ

ဦးမောင်မောင်ထွေး(ခ)ဦးထွေး
အသက် (၄၉)နှစ်
နေပြည်တော်ပုံနှိပ်တိုက်(မန္တလေး)

မငြိမ်းဝင့်သူ B.Sc (Phy), Dip in Electronic၊ မောင်မောင်ပြည့်စုံ–မနှင်းနှင်းအိ(နေ၊လ၊ကြယ် ပဲ၊ နှမ်းရောင်းဝယ်ရေး)၊ မသက်မေဖြူ B.Sc (Phy), Dip in Electronic၊ မောင်မောင်ချမ်းသာ (Final Year B.D.S)၊ မရွှေဟသာ(ခ) မအေးမြင့်ညို (AE. ST Microelectronic Co S'pore)၊ မထက်မြင့်ညို (Final Year Japanese MUFL)၊မဆွေလင်းမူ(Nanyang Poly Tec.,S'pore)၊ မခိုင်မာညို (2nd Eng), မမေဟိန်းဇံ (2nd Year Law)၊ မောင်မောင်ဖြိုးကြွယ် (1st Year G.C.E)၊မောင်ငြိမ်းချမ်း၊ မောင်တိုးဝေလင်း၊ မဟန်နီလင်း(IX E၊အထက–၁)၊ မညိုယွန်းမြင့် (VIII-A၊အထက–၈) ၊မောင်ကိုကိုအောင် (VII–A၊ အလက)၊ မောင်ခေါင်စွမ်းသာ (IV-A၊အထက–၁၄)၊ မောင်အံ့ဘုန်းချွန် (IV-F၊ အထက–၁၆၊မောင်ကောင်းမြတ်သူ (II-A၊အလက)တို့၏ ချစ်လှစွာသော ဦးလေး ဦးမောင်မောင်ထွေး(ခ) ဦးထွေးသည် ၂၉–၈–၂၀၀၄ရက်ည၇း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၃၁–၈–၂၀၀၄(အင်္ဂါနေ့) နံနက်၁၀နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး နေဆွေမျိုးမိတ်သင်္ဂဟတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတူ၊တူမများ။

ဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်း၊ ပုသိမ်အနောက်မြို့နယ်၊ အမှတ်(၄၆)၊ မြေနုလမ်းနေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း ဦးကြင်စိန်သည်၃၀–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်စန်း–ဒေါ်ယုခင်၊ ဦးကျော်မင်း–ဒေါ်ခင်ခင်လှ၊ ဦးဟန်ရုံ–ဒေါ်စန်းစန်းရီ၊ ဦးအောင်တိုး–ဒေါ်တင်တင်အေး၊ ဦးအောင်ဝင်း–ဒေါ်ရှုရှမ်း၊ ဦးမျိုးဝင်း၊ ဦးသန့်ဇင်ထွေး–ဒေါ်သင်းသင်းလှိုင်။

ဦးကျော်ဦး (၈၃)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)(အထက်)၊ အမှတ်(၂၄၂) (ပထမထပ်)နေ (ဦးမွန်ဆန်း–ဒေါ်အန်တွမ်ယန်)တို့၏သား၊ (ဦးပန်းငါး–ဒေါ်အင်းစွိ)တို့၏သားသမက်၊ ဒေါ်မာမာ၏ ခင်ပွန်း ဦးကျော်ဦးသည် ၂၉–၈–၂၀၀၄ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁–၈–၂၀၀၄ (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန် (၆၄)နှစ်
သားဖွားဆရာမ(ကျန်းမာရေး–ငြိမ်း)

ရန်ကုန်မြို့၊ မ/ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ်(၁၈၆)နေ (ဦးအောင်ထွန်း အရာခံဗိုလ်၊ တပ်မတော်လေ–ငြိမ်း)၏ ဇနီး၊ ကြို့ပင်ကောက်၊ တမန်ဆည်ရွာနေ (ဦးအောင်ခင်–ဒေါ်အုန်းရင်)တို့၏ သမီး၊ ဦးမြမောင်–ဒေါ်ခင်စန်း၊ (ဦးဟံတင်)–ဒေါ်သန်းလှတို့၏ ညီမ၊ ဦးညွန့်မောင်–ဒေါ်တင့်တင့်တို့၏ အစ်မ၊ ကိုဇော်ဝမ်း–မခင်စောဦး၊ ဗိုလ်မှူးအောင်နိုင်ဦး – မခင်သီတာ (Siemens Ltd)၊ ကိုဝင်းကျော်ထွန်း (CDC Co., Ltd)–မခင်မိုးသူတို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၃၀–၈–၂၀၀၄(တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၉–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြင်ဆင်ဖတ်ရှုပါရန်

၂၆–၈–၂၀၀၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါ ဝင်းထိန်မိုး(ခ) တူးတူးဘိုင်၏ သက်ဆိုင် ပတ်သက်ခြင်းမရှိပါကြောင်း ကြော်ငြာတွင် ၂၉–၈–၂၀၀၄နေ့အစား ၂၉–၈–၂၀၀၀ နေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။**ဝင်းထိန်မိုး(ခ)တူးတူးဘိုင်။**

ဒေါ်ကျင်
အသက်(၉၀)
(သထုံ၊မကွေး)

မကွေးမြို့၊ဝက်မစွပ်ရွာနေ (ဦးဖန်–ဒေါ်ဆိုင်းဟန်)တို့၏သမီး၊ ဘားအံမြို့၊ နောင်လုံရွာနေ (ဦးစိန်ကျင်–ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ သထုံမြို့၊ အမှတ်(၁၀၇)၊ ရှမ်းစုအလယ်လမ်းနေ (ဦးစုဘင်)၏ဇနီး၊(ဦးဂွမ်ဟုတ်–ဒေါ်ကျင်ကျီး)၊ (ဦးစိုးအောင်–ဒေါ်တင်လှ)၊ ဦးကြည်–(ဒေါ်စိန်ရီ)၊ဦးစိန်ဝင်းဦး–ဒေါ်ထားကြည်တို့၏ အစ်မသည် ၂၉–၈–၂၀၀၄ (တနင်္ဂနွေနေ့)ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် သထုံမြို့၊ ဂေါ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

အဘိဓမ္မာပြန့်ပွားရေးအသင်း

ဦးတင်ထွန်းဦး
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၁၁)လမ်း၊ အမှတ်(၁၃၉၄)နေ (ဦးစောမောင်–ဒေါ်ခင်အေး)၊ (ဦးဘမောင်–ဒေါ်ချစ်ရှင်)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့် (မြန်မာ့အသေးစားချေးငွေလုပ်ငန်းရုံးချုပ်)၏ ခင်ပွန်း၊ (ဦးမြင့်ဦး)–ဒေါ်နန်းညွန့်၊ ဦးအောင်သိန်းတန် – ဒေါ်ခင်မမြင့်တို့၏ ညီ၊ မောင်အောင်အောင်ချစ်ဦး (ဝင်းသူဇာအရောင်းဆိုင်၊ သာကေတ)၊ မောင်အောင်ကိုဦးတို့၏ မွေးသဖခင်၊ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း အသင်းသား အချိန်ပိုင်း စာရင်းကိုင် ဦးတင်ထွန်းဦးသည် ၂၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁–၈–၂၀၀၄ ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။

(နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်း ဒါယိကာမကြီး

ဒေါ်စောမြင့်(၉၂)နှစ်

ရန်ကုန်တိုင်းလှိုင်မြို့နယ်(၁၆)ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းအမှတ်(၅၁)နေ (ဦးသာမိုး–ဒေါ်မြနှစ်)တို့၏ သမီး၊ (ဒေါ်သန်းမေ)၊(ဦးကျော်မြိုင်)၊ (ဦးဘခင်)တို့၏ ညီမ၊ဒေါ်ခင်မေ(ဦးအောင်သန်း)၊ ဒေါ်ခင်ကြွေ၊ ဦးမြင့်သိန်းတို့၏ အဒေါ်၊ (မခင်ခင်ဌေး)၊ မောင်တင်ကိုကို၊ မမြင့်သူဇာတို့၏ အဘွား၊ (ဦးဘလှိုင်)၏ဇနီး ဒေါ်စောမြင့်သည် ၃၀–၈–၂၀၀၄(တနင်္လာနေ့)နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင် အသက်(၉၀)
(သထုံ၊ မကွေး)

သထုံမြို့၊ အမှတ်(၁၀၇)၊ ရှမ်းစုအလယ်လမ်းနေ (ဦးစုဘင်)၏ ဇနီး၊ သထုံမြို့နေ ဦးတင်မြင့်–ဒေါ်အေးအေးမော်၊ ရန်ကုန်မြို့နေ ဦးစိုးလွင်–ဒေါ်အေးငယ်၊ သထုံမြို့နေ ဦးသိန်းညွန့်–ဒေါ်မိမိခိုင်၊ ရန်ကုန်မြို့နေ ဦးကျော်သန်း–ဒေါ်ရှုမိ၊ သထုံမြို့နေ ဦးကျော်ဆန်း–ဒေါ်ခင်မြ၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း–ဒေါ်လှလှမော်တို့၏မွေးသမိခင်၊ ကိုသက်ဦး၊ မချိုချိုဦး၊ ကိုကျော်ဦး၊ မသီသီဦး၊ ကိုဇော်ထွေး၊အေးသီတာလွင်၊ ထင်ကျော်လွင်၊ စန်းသီတာလွင်၊ ထင်လင်းလင်းဦး၊ တင်မင်းမင်းအိ၊ သူရကျော်၊ တင်ဇာနွယ်ဦး၊ ကျော်ပြည့်ဖြိုး၊ မိုးကျော်သူ၊ သက်ဖြိုးမောင်၊ နွယ်ဥဝင်းကျော်၊ သူသူအောင်၊ သန့်ဇင်ဦး၊ သန့်ဇင်ထူး၊ လဲ့ဇင်ဝင်းတို့၏ အဘွားသည် ၂၉–၈–၂၀၀၄(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် သထုံမြို့၊ ဂေါ့သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းအမ

ဒေါ်တင်နွဲ့(ခ)ဒေါ်နွဲ့
အသက်(၆၂)နှစ်
မရမ်းကုန်းအထည်ချုပ်စက်ရုံ၊ အမှတ်(၄)၊ ငြိမ်း

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ကျိုက်စကိုင်းကျေးရွာနေ (ဦးစံမြင့်–ဒေါ်စိန်အုံ)တို့၏ သမီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကျမ်းစာသင်ကျောင်းလမ်း၊ အမှတ်(ခ/၃၉)နေ (ဦးတင်အောင်၊ တပ်မတော်လေ–ငြိမ်း)၏ဇနီး၊ ဦးစိုးရင်(ကုန်သွယ်–ငြိမ်း၊ ခရမ်း)–ဒေါ်စန်းမြင့်၊ ဦးမောင်မောင်စိုး (တရားရုံးချုပ်ရှေ့နေ)–ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ခင်ထားရွှေ(သစ်တောဦးစီး)၊ ဦးဇော်ဝင်း(MPF–ငြိမ်း)–ဒေါ်သန်းကြည်တို့၏အစ်မ၊ ဦးသန်းဦး(သစ်တောဦးစီး)–ဒေါ်နိုင်နိုင်မော်၊ ကိုအောင်မျိုးထွန်း–မဖြူဖြူဝင်း၊ကိုတင်မျိုးလွင်–မစံပယ်စန်း၊ကိုစိုးလင်း–မသင်းသင်းအောင် (သစ်တောဦးစီး)၊ ကိုမြတ်မင်းဦး–မခင်မျိုးသန့်တို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၉–၈–၂၀၀၄ ရက် မွန်းလွဲ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁–၈–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(ဂ/၁၁)ကြို့ကုန်းသစ်တောဝင်း)နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးကြည်စိန် (၅၆)နှစ်
ရွှေပြည်သာဈေး၊ (ပုသိမ်မြို့)

ဧရာဝတီတိုင်း၊ပုသိမ်အနောက် မြို့နယ်၊ အမှတ်(၄၆)၊ မြေနုလမ်းနေ (ဦးအိန်လန်ဖေဘက်–ဒေါ်ချိန်တီ)တို့၏ တတိယသား၊ ဦးတင်ဆန်း–ဒေါ်ယုခင်တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်း၊ မအိအိဖြိုး၊ မမိုးမိုးဟန်(အထက–၆၊ ပုသိမ်မြို့)၏ မွေးသဖခင်၊ ဦးကြီးအောင်၊ ဦးကြည်ဝင်း–ဒေါ်မြင့်မြင့်ထွေး၏ ညီ၊ ဦးကျော်ဝင်း–ဒေါ်ကျင်အေးဦးမောင်မောင်ကြီး–ဒေါ်သန်းသန်းနု၊ ကိုမောင်မောင်လေး–မနွယ်နွယ်စိုး၊ ကိုကြည်မင်း–မပေါက်ပေါက်၊ ကိုကြည်ထွေး–မမိုးမိုးအေးတို့၏ အစ်ကို၊ဒေါ်ယုယုယဉ်၊ ကိုမြင့်လွင်–မလှလှဝင်း၊ ကိုလှစိုး–မမြမြ၊ ကိုဌေးအောင်–(မရီရီချို)၏မောင်၊ မမြင့်မြင့်ရီ၊ မမြင့်မြင့်အေး၊ ကိုအောင်မျိုး–မမြင့်ဌေး၊ (ကိုမြင့်စိုး–မမြင့်မြင့်ခိုင်)တို့၏ အစ်ကိုသည် ရန်ကုန် အထွေထွေကုဆေးရုံသစ်ကြီး၌ ၃၀–၈–၂၀၀၄(တနင်္လာနေ့) နံနက် ၁၀း၅၄ နာရီတွင် ကွယ်လွန်ပါ၍ ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ များအား အကြောင်းကြားပသည်။ (ရန်ကုန်အထွေထွေကု ဆေးရုံသစ်ကြီးအအေးတိုက်မှ ကားများ နံနက် ၁၀နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးလှကွန်း
အသက်(၇၃)နှစ်
(ဒေးဒရဲ)

ဒေးဒရဲမြို့၊ ဘုရားကြီးကွက်သစ်၊ ဘီ–လမ်း၊ အမှတ်(၁၃၆)နေ ဒေါ်နှင်းလှ၏ခင်ပွန်း၊ (ဦးထွန်းမောင်–ဒေါ်သိန်းကြည်)၊(ဦးလှထွန်း)–ဒေါ်တင်လှတို့၏ညီ/မောင်၊ ဦးထွန်းနိုင်–ဒေါ်ရီရီသော်၊ ဦးလှမျိုးအောင်၊ ရန်ကုန်မြို့၊အလုံမြို့နယ်၊ ကျောင်းလမ်း၊အမှတ်(၆၅) ၄–လွှာနေ ဦးညွန့်ရွှေ–ဒေါ်ရီရီမော်၊ဦးကျော်စိုးနိုင်–(ဒေါ်တင်တင်စိုး)၊ မရီရီမြင့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃၀–၈–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အလုံမြို့နယ်နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်ဇော်(၆၅)နှစ်
လ/ထအထွေထွေမန်နေဂျာ(ငြိမ်း)
လူမှုဖူလုံရေး

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် အမှတ်၁၄/၁၆၊ (၅၃)လမ်းနေ (ဦးစောထွန်း တိတ်–ဒေါ်သန်းညွန့်)တို့၏သား၊ ဒေါ်ခင်သန်းနွယ်(လ/ထညွှန်မှူး၊ ငြိမ်း၊ ပညာရေးစီမံလေ့ကျင့်)၏ ခင်ပွန်း၊ ဦးသန့်ဇင်–ဒေါ်ခင်မိုးမိုးဇော်၊ ဦးခင်မောင်စိုး–ဒေါ်စိုးစိုးဇော်၊ ကိုချမ်းအေးဇော်၊ ကိုဥက္ကာဇော်တို့၏ဖခင်၊ မောင်ဝေယံရဲရင့်၊ မောင်မိုးသန့်ဇင်၊ မောင်သူရိန်ထက်၊ မစန္ဒကူးဇင်တို့၏ အဘိုးသည် ၃၀–၈–၂၀၀၄(တနင်္လာနေ့) ညနေ၅း၅၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၁၅နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

U Sang Hlur
(Kul Zam Khua)
အသက်(၆၅)နှစ်

ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဂေါက်ကွင်းလမ်းနေ Daw Zun Tial ၏ ခင်ပွန်း၊ ကလေးမြို့၊ တောင်ဖီလာရပ်ကွက်နေ Daw Hnem Za Nuam-U Lian Thang၊ကလေးမြို့၊ တောင်ဖီလာရပ်ကွက်နေ U Thian Za Bia- Daw Rem Nei၊ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ U Sang Za Ung(a) San Ngwe (Accel Int'l Co, Ltd)- Daw Chris Len Kim (Youth Pastors, Dawn Christion Fellowship)၊ကလေးမြို့နယ်၊ ချင်းစုရွာနေ Daw Sui Nei- U Tha Hlei Thang (လ/ပြ ချင်းစုရွာ)၊ Ro Lian Thang(Life Bible College, Yangon)၊ Thian Nei Mawi (မူကြို၊ A.G တောင်ဖီလာ)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၉–၈–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် တာဟန်းနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမိတ်သင်္ဂဟများအားအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa Thang Khan Khup
(Mui Zawl)
အသက်(၄၇)နှစ်
အဆင့်(၁)ဆက်သွယ်ရေးဌာနစိတ်
ကင်းတားလျှပ်စစ်
ဓာတ်အားပေးစက်ရုံ
မြစ်သားမြို့၊ မန္တလေးတိုင်း

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Mui Zawl ရွာနေ (Pu Gin Kho Zam-Pi Nok Za Cing)တို့၏သား၊ မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ ခလမ်းရွာနေ ဦးအုံးမြိုင်–ဒေါ်စံရင်တို့၏ သားသမက်၊ (Pa Thawng Kho Pau)-Nu Dim Za Ciin ၊ Nu Giak Za Vung-(Pa Pum Sian Pau)၊ (Pa Chin Khan Do)-Nu Niiang Za Awi၊ (Pa Do Dal)၊ Nu Hau Kho Dim-WOII On Za Pum(Rtd)၊ Pa Khan Thang(သစ်လုပ်ငန်း၊ ငြိမ်း)–(Nu Hau Khan Cing)၊ Pa Thang Khan Lang (ဦးစီးအရာရှိ–DWIR)(Nu` Cing Lam Zam)၊ Nu Cing Ngaih Lun-Pa Suang Khan Thangတို့၏ညီ/မောင်၊ Pa Pau Kho Lian (လက်ထောက်မန်နေဂျာ၊ သစ်လုပ်ငန်း)၊ Nu Dim Lam Niangတို့၏အစ်ကို၊မြစ်သားမြို့နယ်၊ ကင်းတားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းနေ ဒေါ်ဝင်းမြင့်(ခ)Nu Cing Khawm Lun ၏ခင်ပွန်း၊ မောင်ဇော်စိုးထွန်း(ခ)Tg Zam Suan Khup၊ မခင်ကြည်ဖြူ(ခ)Lia Cing Khan Nian (VIII-Bထ–၂၊ လှိုင်)တို့၏ မွေးသဖခင်သည် ၂၁–၈–၂၀၀၄ (စနေနေ့)တွင် ကျောက်ဆည်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃–၈–၂၀၀၄(တနင်္လာနေ့)တွင် ကင်းတားသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်ခင်မကြီး (၇၉)နှစ်

အသင်းနာယက ဗိုလ်မှူးဇော်ညွှန့် (ငြိမ်း) အသင်းအမှုဆောင် ဒေါ်သိန်းသိန်းဇော်တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အမှတ်(၃၄)၊ (ဒုထပ်)နေ (ဦးစံလင်း–ဒေါ်ဖွားသိုက်)တို့၏ သမီး၊ (ဦးသိုက်အောင်)၏ ဇနီး ဒေါ်ခင်မကြီးသည် ၂၇–၈–၂၀၀၄ ရက်တွင် SSC အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၂၉–၈–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များသိစေ အပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးကျော်ဝင်း(၇၃)နှစ် (ပြည်)
မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
လ/ထ အထွေထွေမန်နေဂျာ(ငြိမ်း)
ကမ္ဘောဇဘဏ်(စာရင်းဌာန)

ပြည်မြို့နေ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဦးကျော်ဟိန်း (ဒု–ညွှန်ကြားရေးမှူး၊ သစ်တောရုံးချုပ်) – ဒေါ်မြင့်မြင့်ဝင်း၊ (ဦးမောင်မောင်ဝင်း) – ဒေါ်ကျင်သိန်း၊ ဦးဇော်လင်း–ဒေါ်သိန်းသိန်းဝင်း၊ ဦးမြင့်လွင်–ဒေါ်နီနီဝင်း (ဖူးပွင့်အောင်ပွဲရုံ)၊ ဦးတင့်လွင်–ဒေါ်ညိုညိုဝင်း၊ ဦးထွန်းနိုင်ဝင်း၊ဦးသက်နိုင် ဝင်းတို့၏ဖခင်၊ မြေး ၁၃ယောက်၊မြစ်တစ်ယောက်တို့၏ အဘိုးသည် ၃၀–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(ခြံအမှတ်–၂၊ ကံကော်လမ်း၊ သီရိမွန်လုံးချင်းအိမ်ရာနေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးတင်ကိုကို(၅၅)နှစ်
(John Toke Gale)
Timber Representative
Reliaance Veneer Co.,Ltd(U.K)

(ဦးတုတ်ကလေး–ဒေါ်ထွားတင်)တို့၏ သား၊(ဦးဘဦး–ဒေါ်မြခင်) ဘီတီဘရားသားတို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ F.M.I City၊ ရွှေစပါယ်(၇)လမ်း၊ ခြံအမှတ် F–၈၅ နေ ဒေါ်မြင့်မြတ်အေး(Heien Ba Oo)၏ ခင်ပွန်း၊ ဦးတင်ထွန်း(Dicky Ba Oo) – ဒေါ်ရွှေစင်သိန်း(Heien Ba Oo) တို့၏ ညီ/မောင်၊ ဦးတင်ဝင်း(Eddie Ba Oo)၊ ဦးအေးမောင်(Reggie Ba Oo)–ဒေါ်အေးမြခိုင်၊ ဦးမျိုးလွင်–ဒေါ်ရီရီမေ (Manle Ba Oo)တို့၏အစ်ကိုသည် ၃၀–၈–၂၀၀၄ရက် ညနေ ၃း၁၀နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်ကိုကို (၅၅)နှစ်
(John Toke Gale)
Timber Representative
Reliaance Veneer
Co., Ltd(U.K)

(ဦးတုတ်ကလေး–ဒေါ်ထွားတင်)တို့၏ သား၊ (ဦးဘဦး–ဒေါ်မြခင်) ဘီတီဘရားသားတို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ F.M.I City ၊ ရွှေစပါယ်(၇)လမ်း၊ ခြံအမှတ်(F-85)နေ ဒေါ်မြင့်မြတ်အေး(Heien Ba Oo)၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမြတ်မွန် – ကိုနေစိုးအောင်၊ မောင်ဇင်ဝင်း – မမြတ်ထေရ်ရာ၊ မောင်ကျော်ဇင်ထွဋ် – မနန္ဒာမြတ်တို့၏ မွေးသဖခင်၊ မရွှန်းသီရိဝေ၊ မခွန်းသံသာချို၊ မမြတ်ဒီဂရီကျော်တို့၏ အဘိုးသည် ၃၀–၈–၂၀၀၄(တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပဏ္ဍိတ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ
စစ်ကိုင်းတောင်ရိုး အနန္တသူရိယချောင် ပဓာနနာယကဆရာတော်

သိက္ခာတော်(၇၉)ဝါ၊ သက်တော် (၉၉)နှစ်

စစ်ကိုင်းတောင်ရိုး အနန္တသူရိယချောင်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒါစရိယသာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတွင် ၆၆ပါးဝန်ဆောင်၊ သီတဂူအာယုဒါန–သီတဂူဥဒကဒါနအဖွဲ့ကြီးများ၏ သြဝါဒါစရိယ၊ ဆဋ္ဌသင်္ဂါယနာဓမ္မသဘင်တွင် မူလဝိသောဓက ပဋိဝိသောဓက ဘဒ္ဒန္တ ပဏ္ဍိတသည် (၁၃၆၆ ခုဝါခေါင်လဆန်း ၁၂ ရက်)၊ ၂၇–၈–၂၀၀၄(သောကြာနေ့) ညနေ၅း၅၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော်၄ရက်)၊ ၃–၉–၂၀၀၄ရက်(သောကြာနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ။

ရဟန်း၊ တန်ဆောင်းဒါယိကာမကြီး

ဒေါ်တင်ရီ (၈၂)နှစ်
(ခရမ်း)

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ (၂)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၄၀)နေ (ဦးဘမြိုင်–ဒေါ်နှင်းပန်း)တို့၏ သမီး၊ (ဒေါ်သန်းစိန်)၊ (ဒေါ်ငြိမ်းစိန်)၊ (ဦးစံရှင်)–ဒေါ်စော၊ (ဦးစံခင်–ဒေါ်ကြည်)တို့၏ ညီမ၊ (ဒေါ်လှမြင့်)၊ ဒေါ်စောရီ၊ ဦးရွှေထုတ်–ဒေါ်စိန်လှတို့၏ အစ်မ၊ ဦးကံထွန်း–ဒေါ်ထွေးရီ၊ ဦးရွှေခိုင်–ဒေါ်မြစန်း၊ ဦးထွန်းသန်း–ဒေါ်စန်းစန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ဒေါ်ရီရီမြင့်(နီနီ)၊ ဒေါ်စန်းစန်းဝေတို့၏ အဒေါ်၊ မအိဆွေမွန်၊ မအိဆွေမော်၊ မောင်မိုးဆွေကျော်တို့၏ ချစ်လှစွာသောကြီးကြီးသည်၃၀–၈–၂၀၀၄ရက် နံနက်၆း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၃–၉–၂၀၀၄(သောကြာနေ့) မွန်းလွဲ၁နာရီတွင် နေအိမ်မှ ခရမ်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်အေး(ခ)ဦးအေး
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ တလိုင်မီကျေးရွာနေ (ဦးမောင်ကံ–ဒေါ်ပန်းလှိုင်)တို့၏ သား၊ ဦးလှဖေ–(ဒေါ်တင်အေး)တို့၏ သားသမက်၊ ဦးဖေအောင်–(ဒေါ်ညွန့်စိန်)တို့၏ အစ်ကို၊ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၃၇၃)၊ နွယ်နီ(၉)လမ်း၊ (၉)ရပ်ကွက်နေ ဒေါ်အုံးကြည်၏ ခင်ပွန်း၊ မောင်မျိုးမင်း၊ မောင်မျိုးဟန်–မညွန့်စိန်၊ မောင်ရဲဟန်၊ မလှယဉ်မင်းတို့၏ ဖခင်၊ မောင်ပြည့်ထွန်းကျော်၏ အဘိုးသည် ၃၀–၈–၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှရွှေ
အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အခန်း(၆/၁)၊ လှိုင်ရတနာမွန်(၇)လမ်း၊ စက်ပစ္စည်း(၁)၊ဝန်ထမ်းရိပ်သာနေ ဦးစံမျို့–ဒေါ်တင်စိန်တို့၏ သမီး၊ (ဦးကျင်–ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ (ဦးရောင်ရှိန်)–ဒေါ်စောကြင်တို့၏ တူမ၊ ဦးသောင်းကြွေ–ဒေါ်တင်စန်း၊ (ဦးဝင်းရီ–ဒေါ်အုန်းရီ)၊ (ဦးသာဘန်း)–ဒေါ်သိန်း၊ ဦးထွန်းရှိန်–ဒေါ်ငွေကြည်၊ (ဦးစံသိန်း)–ဒေါ်ရီရီဝင်း၊ ဦးလှကြည်–ဒေါ်ခင်ခန်း၊ ဦးစိန်လှ–ဒေါ်စိုးမြင့်တို့၏ ညီမ၊ ဒေါ်လှငွေ၊ ကိုကျော်ရွှေတို့၏ အစ်မ၊ကိုသန်းနိုင်–မသန်းသန်းဆွေ၊ ကိုလှမြင့်၊ ကိုဌေးငြိမ်း(MMF-2)–မသန်းသန်းရှင်(MMF-2)၊ ကိုဇော်ထွန်းနိုင်–မစိုးစိုးဦးတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွား၊ (ဦးအုန်းမြင့်)၏ ချစ်လှစွာသောဇနီး ဒေါ်လှရွှေသည် ၂၉–၈–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၈–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကား များ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝိသုဒ္ဓ(ခ)ဦးကံတင့်
(ဆရာလေး)
သိက္ခာတော်(၁၁)ဝါ
သက်တော်(၉၆)နှစ်
(မိုးကုတ်)

(ဦးသာဖြိုး–ဒေါ်နှင်းရီ)တို့၏ သား၊ ရန်ကုန်မြို့၊အမှတ်(၈၃၃)၊သုမိတ္တာ၂၁လမ်း၊(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပနေ ဒေါ်မြိုင်၏ခင်ပွန်း၊ ဦးခင်မောင်မြင့် (ကျောက်သွေးလုပ်ငန်း)–(ဒေါ်ခင်လေးကြည်)၊ ဦးခင်မောင်ဝင်း–ဒေါ်ထားထားဝင်း၊ ဦးအေးမြင့်(ဆောက်လုပ်ရေးရုံးချုပ်)–ဒေါ်ကြည်ဌေး(ခ)ဒေါ်ဌေး၊ဒေါ်ကြည်အေး(ခ)ဒေါ်သီသီ၊ ဦးခင်ဝင်း–ဒေါ်ကြည်ထွေး(ခ)ဒေါ်စီစီ၊ ဦးခင်မောင်အေး–ဒေါ်ခင်မေညွန့်၊ ဦးခင်မောင်ဌေး–ဒေါ်သီသီမွှေး၊ ဦးခင်မောင်သန်း–ဒေါ်သင်းသင်း၊ ဦးခင်မောင်ထွေး(ခ)တူးတူး–(ဒေါ်ချိုချိုမာ)တို့၏ဖခင်၊ မြေး၂၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၉–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၅နာရီတွင် ပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ၂–၉–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးတင်ကိုကို(၅၅)နှစ်
(John Toke Gale)
Timber Representative
Reliaance Veneer Co.,Ltd(U.K)

(ဦးတုတ်ကလေး–ဒေါ်ထွားတင်)တို့၏ သား၊(ဦးဘဦး–ဒေါ်မြခင်)ဘီတီဘရားသားတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City၊ ရွှေစပါယ်(၇)လမ်း၊ ခြံအမှတ် F-၈၅ နေ ဒေါ်မြင့်မြတ်အေး(Heien Ba Oo)၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)၊ (လေကြောင်းပို့ဆောင်ရေးဦးစီးဌာန)–ဒေါ်တင်တင်လှိုင်တို့၏မောင်၊ (ဒေါက်တာတင်မောင်မောင်)၊ဒေါက်တာမောင်မောင်ကြည်– ဒေါ်တင်တင်အုန်း၊ (ဒေါ်အေးအေးသန်း)တို့၏အစ်ကို၊ မပွင့်ဖြူမြင့် (MAI)၊ မနှင်းလှိုင်မြင့်(Air Mandalay)–ကိုကျော်မြင့်စိုး၊ မပန်းနုဝါ (Air Bagan)၊ ဖိုးဉာဏ်(UK)၊ ဝင်းမာကြည်တို့၏ ဦးလေးသည် ၃၀–၈–၂၀၀၄ရက် ညနေ ၃း၁၀နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဇော်ထွန်း (၃၅)နှစ်
(SAE)
ဖျာပုံတံတားစီမံကိန်း

မကွေးတိုင်း၊ စလင်းမြို့နယ်၊ မဲဒီးကုန်းကျေးရွာနေ ဦးချစ်ဆွေ–ဒေါ်ခင်မေကြည်တို့၏သား၊ ဦးဝင်းထိန်–ဒေါ်ရီမြင့်၊ ကိုဇော်လင်း၊ ဒေါ်ရည်မွန် (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး)တို့၏ ညီ/မောင်၊ ကိုမိုးမြင့်၊ မသက်သက်မွန် ၊မအေးအေးငြိမ်း ၊မအိအိမင်းတို့၏ အစ်ကို၊ ဒေါ်ခင်မြင့်မြင့်နိုင် (JE ဖျာပုံတံတားစီမံကိန်း)၏ ခင်ပွန်း ဦးဇော်ထွန်းသည် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)၊ ၁၃ရပ်ကွက်၊ မလိခလမ်းသွယ်၊ ချင်းတွင်းလမ်း နေအိမ်၌ (၃၀–၈–၂၀၀၄)ရက် နံနက်၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁–၉–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၄ခုနှစ် ဩဂုတ် ၃၁ရက်၌ ကျရောက်သော မလေးရှားနိုင်ငံ၏ (၄၇)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာဘင် ဟာဂျီ အာမက် ဘာဒါဝီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဆောင်းပါး အညွှန်း

နိုင်ငံရေး ဇာတ်ပျက်လူတန်းစားများရဲ့ ဒီမိုကရေစီဖြစ်ပေါ်ရေး ဖော်မြူလာနည်းစနစ်ကတော့ တိုင်းပြည်ကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပြီး ပြာပုံဘဝရောက်လည်း နိုးပရော်ဗလမ် (No-problem) ဆိုတဲ့ ဒီမိုကရေစီစည်းစိမ် စံစားရေးအတွက် တိုင်းပြည်နဲ့လူမျိုးကို စတေးမယ့် အာဏာရမှုက် ဒီမိုကရေစီပဲဖြစ်တယ်။

ပေါက်စ၏ **"လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၉)"** ဆောင်းပါး (စာမျက်နှာ-၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ အဆောက်အအုံ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား တက်ရောက်

ရန်ကုန် ဩဂုတ် ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၂၉ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ ကျင်းပသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံအဆောက်အအုံ ရတနာအုတ်မြစ်စီမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ပြီး အဆောက်အအုံ ရတနာအုတ်မြစ်စီထားပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✡

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၂၉ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံအဆောက်အအုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး **ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း** ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ပညာရည်မြင့်မားရေး **အထောက်အကူပြု စာသင်ခန်းများ၌ သင်ယူလေ့ကျင့်မှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁